## မြန်မာ့တပ်မတော် တည်ဆောက်ခြင်း




ဒီတပတ်မှာတော့ စာအုပ်သစ်တအုပ်ဖြစ်တဲ့ မောင်အောင်မျိုးရေးသားတဲ့ မြန်မာ့တပ်မတော် တည်ဆောက်မှု အကြောင်းကို တင်ပြထားပါတယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိချိန်ကစလို့ မြန်မာ စစ်တပ်က နိုင်ငံရေးမှာ အရေးပါတဲ့အခန်းကဏ္ဍက တလျှောက်လုံး ရှိနေခဲ့လေတော့ စစ်တပ်ကို စနစ်တကျ သေချာလေ့လာမှု လုပ်ဖို့လဲ လိုအပ်လာပါတယ်။ ဒီစာအုပ်က စိတ်ဝင်စားဖွယ် တင်ပြ ထားတဲ့အချက်တွေကို ထုတ်နုတ်တင်ပြသွားပါမယ်။ ဒီအပတ်မှာတော့ စာအုပ်နဲ့ စာရေးသူနဲ့ စာအုပ်ကို သိရအောင် မိတ်ဆက်တင်ပြထားပါတယ်။

သောတရှင်မိတ်ဆွေများခင်ဗျား

မြန်မာ့နိုင်ငံရေးမှာ စစ်တပ်ကလွှမ်းမိုးမှုကြီးမားလာနဲ့အမျှ မြန်မာ့တပ်မတော်နဲ့ပတ်သက်တဲ့ အကြောင်းချင်းရာ တွေဟာ တရားဝင်လူသိရှင်ကြားထုတ်ပြန်တာမျိုးထက် ကောလာဟလသတင်းတွေအနေနဲ့သာ ပြည်သူ တွေကြား ရောက်ခဲ့တာ ဖြစ်ပါတယ်။ အရင် စစ်အာဏာသိမ်းကောင်စီ (နဝတ) ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင် ဘာဖြစ်လို့ ပြုတ်သွားရတာလဲ၊ ဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ခင်ညွန့်ကို ဘာဖြစ်လို့ အရေးယူလိုက်ရတာလဲ၊ အာဏာရှင်ဟောင်း ဦးနေဝင်း ရဲ့ မြေးတွေက အာဏာပြန်သိမ်းဖို့ ကြိုးစားတယ်ဆိုတဲ့ကိစ္စတွေရဲ့ နောက်ကွယ်က ဖြစ်ရပ်တွေက ဘာတွေလဲ... စတဲ့ အကြောင်း တွေဟာ နိုင်ငံရေးလှုပ်ရှားသူတွေ၊ ပညာရှင်တွေ၊ ပြည်သူတွေ စိတ်ဝင်စားတဲ့ကိစ္စတွေဖြစ်ကြပေမဲ့ အသေအချာ သိခွင့်မရ ခဲ့ပါဘူး။ ဒါပေမဲ့ အကြောင်းအားလျော်စွာပဲ အဲဒီကိစ္စ တွေအကြောင်းအပါအဝင် မြန်မာတပ်မတော်ရဲ့ စဉ်းစားပုံနဲ့ ဆောင်ရွက်ပုံ တွေ အကြောင်း လေ့လာတင်ပြထားတဲ့ စာအုပ်ထူး၊ စာအုပ်ကောင်းတစ်အုပ် မကြာခင်ကထွက်ရှိခဲ့ပါတယ်။ ဒီတပတ်ကစပြီး အဲဒီ စိတ်ဝင်စားဖွယ် စာအုပ် အကြောင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

အဲဒီစာအုပ်ကတော့ မောင်အောင်မျိုးရေးသားတဲ့ Building the Tatmadaw: Myanmar Armed Forces Since 1948 စာအုပ်ပဲ ဖြစ်ပါတယ်။ မြန်မာလို ပြောရရင်တော့ မြန်မာ့တပ်မတော်ကို တည်ဆောက်ခြင်းလို့ ဘာသာပြန်ရင် ရနိုင်ပါတယ်။ ဒီစာအုပ်ကို မြန်မာပြည်တွင်းမှာ ထုတ်ဝေတာ မဟုတ်ဘဲ စင်္ကာပူနိုင်ငံရှိ အရှေ့တောင်အာရှလေ့လာရေးသိပ္ပံဌာနက ထုတ်ဝေ ခဲ့တာဖြစ်ပြီး၊ မြန်မာနိုင်ငံတွင်းမှာလဲ ရှာဖွေဖတ်ရှုဖို့ ခက်ခဲမယ် ယူဆတာကြောင့် တင်ပြလိုတာပါ။

ဒီနေရာမှာ စာရေးသူ မောင်အောင်မျိုးနဲ့ မိတ်ဆက်ပေးချင်ပါတယ်။ စာအုပ်မှာဖော်ပြထားတဲ့ အတိုင်းပဲ မောင်အောင်မျိုးလို့ပဲ သုံးစွဲဖော်ပြသွားပါ့မယ်။ စာရေးသူမောင်အောင်မျိုးဟာ မန္တလေးတက္ကသိုလ်မှာ ဘွဲ့ရ၊ ဘွဲ့လွန် မဟာဝိဇ္ဇာဘွဲ့ကို မန္တလေး တက္ကသိုလ်ကပဲ နိုင်ငံတကာ ဆက်ဆံရေးဘာသာရပ်နဲ့ ရရှိခဲ့ပါတယ်။ အဲဒီနောက် ဩစတြေလျနိုင်ငံ Australian National University မှာ ပီ၊ အိပ်ချ်၊ ဒီဘွဲ့အတွက် ကျမ်းပြုစုတဲ့ အခါ နိုင်ငံရေးသိပ္ပံနဲ့ နိုင်ငံတကာ ဆက်ဆံရေးဘာသာရပ်ကို လေ့လာ ပြုစုခဲ့ပါတယ်။ မောင်အောင်မျိုးလို့ ပြောရင် ပညာရှင်နယ်ပယ်မှာတော့ မြန်မာ့တပ်မတော်နဲ့ ပတ်သက်တဲ့ စာအုပ်၊ စာတန်း ရေးသားသူ၊ ဒီကိစ္စတွေကို အထူးသိမြင်နံ့စပ်သူ အဖြစ် မြင်ကြလေ့ ရှိပါတယ်။ အခြားသော ပညာရှင်တွေက မြန်မာ့ တပ်မတော်အကြောင်း ရေးသား ဖော်ပြကြရာမှာ Open Source လို့ခေါ်တဲ့ လူအများ လေ့လာ ဖတ်ရှုနိုင်တဲ့ သတင်း၊ စာစောင် တွေကို အခြေခံကြ ရတာပါ။ မောင်အောင်မျိုးကတော့ မြန်မာ့တပ်မတော်မော်ကွန်းတိုက်က မှတ်တမ်းတွေ၊ ဖိုင်တွေ ကြား လေ့လာ ခွင့်ရခဲ့သူ၊ သက်ဆိုင်ရာ လေ့လာမှုနယ်ပယ်ထဲမှာလဲ သေချာကြည့်မြင် လေ့လာနိုင်သူလို့ နာမည်ကြီးပါတယ်။

အခြားသတင်းတွေအရ မောင်အောင်မျိုးက နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်လို့ ခေါ်တဲ့ အဆင့်မြင့် စစ်တပ်အရာရှိကြီး တွေကို လေ့ကျင့်ပေးတဲ့ကျောင်းမှာလည်း ဆရာလုပ်ခဲ့ဖူး တယ်လို့ သိရပါတယ်။ အဲဒါကြောင့်ထင်ပါတယ်။ အခု စာအုပ်သစ် ထွက်လာတဲ့အခါ မြန်မာ့တပ်မတော်ဆိုင်ရာ အရေးပါတဲ့ အချက်အလက် တွေကို အတွင်းကျကျ လေ့လာဖော်ပြထားတာကို တွေ့ရပါတယ်။

မြန်မာစစ်တပ်နဲ့ ပတ်သက်လို့ လေ့လာသုံးသပ်မှုတွေက ပညာရှင်နယ်ပယ်မှာ မရှိဘူး မဟုတ်ပါဘူး။ ရှိသလောက် ရှိပါတယ်။ ဒါပေမယ့်လဲ အထူးပြုလေ့လာနေသူကတော့ နည်းပါးလှပါတယ်။

မြန်မာစစ်အစိုးရ ကိုယ်၌က ထုတ်ဝေထားတဲ့ တပ်မတော်ဆိုင်ရာ စာအုပ်စာတမ်းတွေ ရှိပါတယ်။ မြန်မာ့တပ်မတော် သမိုင်း ဆိုပြီး အတွဲ ၈ တွဲ တရားဝင် ထုတ်ဝေခဲ့ပါတယ်။ အဲဒီ-၈ တွဲမှာ ၁၉၉၇ ခုနှစ်ကာလအထိ လွှမ်းခြုံဖော်ပြထားပြီး၊ မကြာခင်မှာ အတွဲ (၉) ထွက်လာဖွယ်ရှိတယ်လို့ သိရပါတယ်။ ပြင်ပက လေ့လာသူတွေမှာတော့ အင်ဒရူး ဆဲလ်သ် (Andrew Selth) လို ဩစတြေလျနိုင်ငံက ပညာရှင်တွေ၊ မေရီ-ကယ်လာဟန် (Mary P. Callahan) လို စစ်တပ်အပေါ် ခွဲခြမ်းစိတ်ဖြာ သုံးသပ်သူ တွေ ရှိပါတယ်။ ပညာရှင်တွေကတော့ လက်ရှိစစ်အစိုးရရဲ့ နိုင်ငံရေးထဲ ပတ်သက်ဝင်ရောက်လာပုံ၊ သူ့ရဲ့မူဝါဒ၊ အရပ်ဖက် အင်အားစုတွေနဲ့ စစ်တပ်အကြား ဆက်ဆံရေး၊ စစ်တပ်ဖွဲ့စည်းထားပုံ၊ စစ်အစိုးရရဲ့ စွမ်းဆောင်နိုင်ရည် စသဖြင့် လေ့လာပြီး ဆောင်းပါး၊ စာအုပ်၊ စာတမ်းတွေမှာ ဖော်ပြခဲ့ကြပါတယ်။ ဒါပေမယ့်လဲ မြန်မာစစ်တပ်ရဲ့ စစ်ရေးအရ ဖွဲ့ စည်းထားပုံ၊ သူ့ရဲ့ တိုက်ခိုက်ရေးစွမ်းရည်၊ တိုက်ပွဲဝင်ဖို့ အသင့်အနေအထားဖြစ်မှု စတဲ့ စစ်ရေးသက်သက်ကိစ္စ တွေကို လေ့လာတင်ပြ နိုင်သူ တွေက အတော်နည်းပါတယ်။ ဒက်စမွန် ဘောလ် (Desmond Ball) လို့ခေါ်တဲ့ ပညာရှင်ကတော့ မြန်မာစစ်တပ်ရဲ့ ဆက်သွယ်ရေးကိစ္စ၊ ဖွဲ့စည်းပုံကိစ္စတွေကို အထူးပြုလေ့လာခဲ့ပြီး၊ ဩစတြေလျ ပညာရှင် အင်ဒရူး ဆဲ့လ်သ်ကတော့ မြန်မာစစ်တပ်ရဲ့ စစ်ရေးဆိုင်ရာ၊ သမိုင်းဆိုင်ရာကိစ္စတွေကို အထူးပြုလေ့လာပြီး စာအုပ်ရေးသား ခဲ့ပါတယ်။ အလားတူ အခု စာရေးသူ မောင်အောင်မျိုးဟာလဲ မြန်မာစစ်တပ်ရဲ့ စစ်ရေး၊ သမိုင်းကိစ္စတွေကို စာတမ်းတွေ ရေးသားခဲ့ဖူးသူ ရှားရှားပါးပါး ပညာရှင် ဖြစ်ပါတယ်။ အခုလို သူ့ရဲ့စာအုပ် ထွက်လာတာဟာ ပညာရှင်ကဏ္ဍ၊ လေ့လာမှု နယ်ပယ်ကဏ္ဍထဲမှာ နောက်ထပ် အဖိုးတန်အချက်အလက်တွေ ဖြည့်ဆည်းပေးလိုက်တာပါပဲ။

အခု စာအုပ်က မြန်မာ့တပ်မတော်ရဲ့ သမိုင်းကိုသာ ရေးသား ဖော်ပြတာ မဟုတ်ပါဘူး။ ဒီကနေ့ မြန်မာစစ်တပ် က ဘယ်လို စဉ်းစား လုပ်ဆောင်နေသလဲ ဆိုတဲ့ စစ်ရေးမူဝါဒ Military doctrine နဲ့ မြန်မာစစ် တပ်ရဲ့ တပ်ဖွဲ့စည်းထားပုံ၊ ၁၉၉၀ ခုနှစ် လောက်က စတင်ခဲ့တဲ့ စစ်တပ်ခေတ်မီရေး ပြင်ဆင်တည်ဆောက်မှုတွေ ကို အသားပေးတင်ပြထားတာ ဖြစ်ပါတယ်။ အထူးသဖြင့်တော့ စစ်ရေးလေ့လာမှုဖက်ကို ပိုကဲပါတယ်။ ဒီလို ကိစ္စတွေကို မြန်မာ့ တပ်မတော်က နိုင်ငံတော်လုံခြုံရေး အတွက်ဆိုတဲ့အကြောင်းခံနဲ့ အထူးလျှို့ဝှက် ထား တတ်တာကြောင့်လဲ အခုလို ဖတ်ရှုလေ့လာခွင့်ရလိုက်တော့ အတော် လည်း တန်ဖိုးရှိပါတယ်။

သောတရှင်တွေအနေနဲ့ ဘာဖြစ်လို့ စစ်ရေးကိစ္စတွေကို စိတ်ဝင်စားရမှာလဲလို့ မေးခွန်းထုတ်စရာ ရှိပါတယ်။ ပြောရမယ် ဆိုရင် ၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရရှိချိန်ကစလို့ မြန်မာ့တပ်မတော်ဟာ နိုင်ငံရေးထဲမှာ ဝင်ရောက် လှုပ်ရှားလာနေတဲ့ အရေးပါတဲ့ အဖွဲ့အစည်းတခု ဖြစ်ပါတယ်။ ယခုတိုင်လဲ အာဏာကို ချုပ်ကိုင်ထားသလို၊ တကယ်လို့ ဒီမိုကရေစီ အပြောင်းအလဲတွေ ဖြစ်လာ ခဲ့ရင်လည်း ဆက်လက် ရှိနေဦးမယ့် အင်အားစုတခု ဖြစ်ပါတယ်။ စစ်တပ်နဲ့ တပ်မတော် အရာရှိဟောင်း အတော်များများကလဲ အရပ်ဖက် အုပ်ချုပ်ရေးမှာ အကျယ်အပြန့် နေရာယူထားတာဖြစ်နေလေတော့ မြန်မာ့လူမှု အဖွဲ့အစည်း ထဲမှာ နက်နက်ရှိုင်းရှိုင်း ထိုးဖောက် တည်ရှိ နေတဲ့ အင်အားစု တခုလို့လည်း ယူဆနိုင်ပါတယ်။ မြန်မာနိုင်ငံအဖို့ စစ်တပ်က နိုင်ငံရေးမှာ အဓိကကဏ္ဍက ပါဝင်နေသူဖြစ်လေတော့ သူက ဘယ်လို စဉ်းစားပြီး၊ ဘာတွေ လုပ်နေတာလဲ၊ ဘယ်ကို သွားမှာလဲ၊ ဘယ်လောက်အထိ သွား မှာလဲဆိုတာ သိဖို့လိုအပ်ပါတယ်။ အခု စာအုပ်မှာ စိတ်ဝင် စားဖွယ်ကိစ္စကတော့ military doctrine လို့ခေါ်တဲ့ စစ်တပ်ရဲ့ စစ်ရေးအခြေခံ တွေးခေါ် မှုပါ။ သဘော ပြောရရင် တော့ မြန်မာ့တပ်မတော်က ဘယ်သူတွေကို ရန်သူလို့မြင်ထားတာလဲ၊ ဘယ်လိုရန်သူတွေကို ရင်ဆိုင်နိုင်အောင် စစ်ပြင်ဆင်နေတာလဲ၊ အခု စစ်တပ်ကို တိုးချဲ့ ခေတ်မီအောင် ပြင်ဆင်နေတာက ဘာကြောင့်လဲ၊ နိုင်ငံတော်လုံခြုံရေး မူဝါဒလို့ခေါ်တဲ့ လုံခြုံရေးအရ အကဲဆတ် တဲ့ကိစ္စတွေက ဘာတွေလဲ၊ ဒီအချက်တွေကို စစ်ရေးလေ့လာသူတွေသာမက နိုင်ငံရေး သမားတွေ၊ မြန်မာပြည်သူတွေပါ သိသင့် သိအပ်တဲ့ကိစ္စတွေ ဖြစ်ပါ တယ်။ ဒါပေမယ့်လဲ ဒီကိစ္စတွေကို ကျနော်တို့နိုင်ငံမှာ နိုင်ငံတော်အထူးလျှို့ဝှက်ချက် ဖြစ်နေတာမို့ တရားဝင် စာရွက်စာတမ်းတွေမှာ ရှာဖွေတွေ့ရှိဖို့အင်မတန် ခက်ခဲပါတယ်။ အခုစာအုပ်မှာတော့ ဒီကိစ္စတွေကို လေ့လာ ဖော်ပြထားပါတယ်။

နောက်တချက်ကတော့ အခု မြန်မာစစ်တပ်က စစ်ရေးတိုးချဲ့ ပြင်ဆင် လာပုံတွေကို တင်ပြထားပါတယ်။ ဒီအပိုင်းကတော့ စစ်ရေး စိတ်မဝင်စားသူတွေအတွက်တော့ သိပ်မလိုအပ်လှပါဘူး။ ဒါပေမယ့်လဲ ဒီအပိုင်းမှာ ကြုံကြားတွေ့လာရတဲ့ ကိစ္စ ကတော့ မြန်မာနိုင်ငံ အရေးကိစ္စတွေမှာ နေရာတကာ စစ်တပ်က လွှမ်းမိုး ချယ်လှယ်လာခဲ့တဲ့အခါ ပေါ်ပေါက်လာရတဲ့ အားနည်းချက်တွေကိုလဲ ထောက်ပြထားပါတယ်။ ဒ့ါအပြင် စစ်အာဏာသိမ်းကောင်စီအတွင်း ပြဿနာတွေကို ပိုလို့ အသေးစိတ် ကျတဲ့ အချက်တွေနဲ့ တင်ပြထားတာလည်း ဖတ်ရပါတယ်။

ရှေ့အပတ်ကစလို့ မြန်မာ့တပ်မတော်ရဲ့ အခြေခံစစ်ရေးတွေးခေါ်မှုကို တင်ပြသွားပါမယ်။ ကာလအလျှောက် ဖွံ့ဖြိုးလာခဲ့တဲ့ မြန်မာစစ်တပ်ရဲ့ စစ်ရေးဆိုင်ရာ စဉ်းစားပုံတွေ ဖြစ်ပါတယ်။ အားလုံးငြိမ်းချမ်း ပျော်ရွှင်နိုင်ကြပါစေ။

## မြန်မာ့တပ်မတော် တည်ဆောက်ခြင်း (၂)

မောင်အောင်မျိုးရေးသားတဲ့ မြန်မာ့တပ်မတော် တည်ဆောက်ခြင်းဆိုတဲ့ စာအုပ်ကို မိတ်ဆွေများ အတွက် စာ လက်ဆောင်ကဏ္ဍမှာ တင်ပြနေပါတယ်။ ဒီအပတ်မှာတော့ မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိချိန်ကစလို့ ကျင့်သုံးခဲ့တဲ့ စစ်ရေးဆိုင်ရာ မူဝါဒကို တင်ပြထားပါတယ်။

သောတရှင်မိတ်ဆွေများခင်ဗျား
ဒီကနေ့ မြန်မာ့တပ်မတော်က ဘယ်လိုစဉ်းစားလုပ်ဆောင်နေသလဲ ဆိုတဲ့ စစ်ရေးမူဝါဒ military doctrine နဲ့ ပတ်သက်လို့ ဒီအပတ် ဆွေးနွေးတင်ပြသွားဖို့ ရှိပါတယ်။ military doctrine ဆိုတဲ့ စစ်ရေးမူဝါဒဟာ လွယ်ကူအောင် ပြောရမယ် ဆိုလို့ ရှိရင် ရှိနေတဲ့ စစ်တပ်တွေကို ဘယ်လိုသုံးမယ်၊ ဘယ်လိုနေရာချထားမယ် ဆိုတဲ့ စစ်ရေးဆိုင်ရာ အခြေခံမှုတွေ ဖြစ်ပါတယ်။ ဒီအခြေခံမှုတွေက အမျိုးသားရေးဆိုင်ရာ၊ တနိုင်ငံလုံးဆိုင်ရာ ရည်ရွယ်ချက်တွေ အောက်မှ လက်နက်ကိုင်တပ်ဖွဲ့တွေက ဆောင်ရွက်ရတဲ့မှု တွေလည်း ဖြစ်ပါတယ်။ အခုလို စစ်ရေးအခြေခံမူဝါဒ military doctrine အောက်မှာပဲ စစ်ဗိုလ်ချုပ်တွေ က သူတို့မဟာဗျူဟာ၊ နည်းဗျူဟာ၊ တပ်တည်ဆောက်မှု၊ နေရာချမှု၊ စုစည်းမှု၊ လက်နက်တပ်ဆင်မှု၊ လေ့ကျင့်မှုတွေကို ပြုလုပ်ရတာ ဖြစ်ပါတယ်။

ဒါပေမယ့် ဒီမူတွေက မြန်မာနိုင်ငံမှာ ပြည်သူတွေကို အသိပေးတာ မရှိဘဲ တလျှောက်လုံး လျှို့ဝှက်ထားခဲ့ပါ တယ်။ ဒါပေမယ့် ၁၉၉၇ ခုနှစ်၊ ဇူလိုင်လမှာတော့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ထိပ်ပိုင်းတပ်မှူးတွေကို ပြောကြားတဲ့ မိန့်ခွန်းတခု မှာတော့ ဒီကိစ္စတွေကို တစိတ်တပိုင်းထည့်သွင်း ပြောကြားခဲ့သလို၊ ပထမဦးဆုံးအနေနဲ့ လူအများဖတ်ရှုနိုင်တဲ့ သတင်းစာ စာစောင် တွေမှာ ဖော်ပြတာကို တွေ့ခဲ့ကြရပါတယ်။ ဒါပေမယ့် မောင်အောင်မျိုးရေးသားတဲ့ မြန်မာ့တပ်မတော် တည် ဆောက်ခြင်းဆိုတဲ့ စာအုပ် မှာတော့ ဒီအကြောင်းအချက်တွေနဲ့ မြန်မာ့တပ်မတော်ရဲ့ စစ်ရေးမူဝါဒ အဆင့်ဆင့်ဖွံ့ဖြိုးလာပုံကို လေ့လာတင်ပြ ခဲ့ပါတယ်။

တကယ်တော့ မြန်မာနိုင်ငံ လွတ်လပ်ရေးရလာချိန်ကစလို့ မြန်မာစစ်တပ်ရဲ့ စစ်ရေးအခြေခံ မူဝါဒတွေက တပြိုင်တည်း ရှိလာ ခဲ့တာ မဟုတ်ပါဘူး။ မြန်မာ့စစ်အစိုးရ ခေါင်းဆောင်တွေက ပြောနေကြသလို၊ ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ကို "တပ်မတော်နေ့"လို့ သတ်မှတ်ထားသလို၊ နယ်ချဲ့ဆန့်ကျင်ရေးစစ်ပွဲကာလကတည်းက ဒီမူဝါဒတွေ ချမှတ်ကျင့်သုံးလာ ခဲ့တာလည်း မဟုတ်ပါဘူး။ ပြောရမယ်ဆိုရင် တပ်မတော်နေ့ ကိုယ်တိုင်ကလည်း အငြင်းပွားစရာ ရှိနေပါသေးတယ်။ မတ်လ ၂၇ ရက်နေ့က ဖက်ဆစ်ဂျပန်ကို စတင်တော်လှန်ခဲ့တဲ့ နေ့လို့ ပြောရင် ရနိုင်ပါတယ်။ ဒါပေမယ့် ဘီအိုင်အေ (BIA) လို့ ခေါ်တဲ့ ထိုင်းနိုင်ငံ ဘန်ကောက်မှာ ဗမာ့လွတ်လပ်ရေး တပ်မတော် ဖွဲ့စည်းတဲ့နေ့ မဟုတ်ပါဘူး။ ခေတ်သစ် မြန်မာ့တပ်မတော် ပေါ်ပေါက်လာတဲ့အချိန်က ပြောရမယ်ဆိုရင် သီရိလင်္ကာနိုင်ငံ၊ ကန္ဒီမြို့မှာ ဗြိတိသျှစစ်ခေါင်းဆောင်တွေနဲ့ သဘောတူညီချက် အရ လက်နက်ကိုင်မြန်မာ မျိုးချစ် ပြောက်ကျားတပ်တွေနဲ့ ဗြိတိသျှတွေ အရင်က ဖွဲ့စည်းထားတဲ့ ကချင်၊ ကရင် တိုင်းရင်းသား လက်နက်ကိုင် တပ်တွေကို စုစည်းပေးပြီး၊ လွတ်လပ်ပြီးမရခင် စတင်စုဖွဲ့တဲ့ အချိန်မှ စတင်လာခဲ့တာ ဖြစ်ပါတယ်။ ဒီနေ့စွဲကို အရင်တပ်မှူးဟောင်းတွေက ဝမ်း-ဝမ်း-ဖိုးဆစ် (၁-၁-၄၆) လို့ မှတ်ထားကြကြောင်း ပြန်ပြောပြကြ ပါတယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရတဲ့အချိန်မှာတော့ တိုင်း-၂ ခုအောက် မှာ ခြေလျင်တပ်ရင်း ၁၅- ခုပဲ ရှိခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးခါစ စစ်ရုံးချုပ်ကို ပြန်ကြည့်မယ်ဆိုရင်လည်း ဗြိတိသျှတပ်တွေက ပြောင်းလဲလာခဲ့တဲ့ အရာရှိတွေ၊ ဗမာမဟုတ်တဲ့ တိုင်းရင်းသား တွေ လွှမ်းမိုးနေခဲ့ပြီး၊ အဲသည်အချိန်က ကရင်တွေ မြန်မာ့ တပ်မတော်ကို ကြီးစိုးနေပြီလို့ လည်း စစ်တပ်အတွင်း ပြောဆိုခဲ့ ကြပါတယ်။

လွတ်လပ်ရေး ရလာပြီးတဲ့ နောက်ပိုင်းမှာလည်း ပြည်တွင်းစစ်က နိုင်ငံနေရာ အကျယ်အပြန့်မှာ ဖြစ်ပွားလာခဲ့ပါတယ်။ စစ်တပ် ထဲက ဗမာ့သေနတ်ကိုင်တပ်ရင်းထဲက တပ်အဖွဲ့အချို့ကလည်း တောခိုပြီး ကွန်မြူနစ်သူပုန် တွေနဲ့ ပူးပေါင်းကြ သလို၊ စစ်တပ် ထဲက ကရင်သေနတ်ကိုင်တပ်ရင်းတွေကလည်း တောခိုကြပါတယ်။ တနိုင်ငံလုံးအတွက် "တိုင်းပြည်ကနန၊ မှန်တိုင်းက ထန်ထန်" ဆိုသလိုပါပဲ။ တနိုင်ငံလုံး အနှံ့အပြားမှာ ပြည်တွင်းစစ်ကို အပြင်းအထန် ဆင်နွှဲခဲ့ကြပါတယ်။ အဲသည်အချိန်က military doctrine ခေါ်တဲ့ စစ်ရေးအခြေခံမူဝါဒတွေကို ဆွေးနွေးဖို့ အချိန်တောင် မရှိခဲ့ကြပါဘူး။

ပြည်တွင်းစစ်ပွဲအတွင်းထဲမှာပဲ အာရုံထားနေခဲ့ကြရပါတယ်။ ဒါပေမယ့် ၁၉၅၀ ခုနှစ်တွေ ရောက်လာတဲ့အခါမှာတော့ ပြည်တွင်း စစ်မီး အရှိန်ကျလို့ မြန်မာ့တပ်မတော်ကလည်း ပြန်လည်တည်ဆောက် ဖွဲ့စည်းရေးကိစ္စတွေ စဉ်းစားလာ နိုင်ခဲ့ပါတယ်။ တချိန် တည်းမှာပဲ မြန်မာနိုင်ငံ၊ ရှမ်းပြည် အရှေ့မြောက်ပိုင်းမှာ တရုတ်ဖြူတပ်တွေ ကျူးကျော်မှုက စတင် လာခဲ့တော့ ပိုလို့စနစ်ကျတဲ့ စစ်ရေးခုခံမှု အတွက် မြန်မာ့တပ်မတော်ကို ပြန်လည်စုစည်း ပြင်ဆင်သင့်ပြီလို့ အတွေးရ လာခဲ့ပါတယ်။

အဲသည်အချိန်မှာ အခြားနိုင်ငံ အများအပြားရဲ့ တပ်တွေဖွဲ့စည်းပုံကို လေ့လာဖို့ အမေရိကန်၊ ယူဂိုဆလားဗီးယား၊ အစ္စရေးလ် အပါအဝင် အရှေ့အနောက် နိုင်ငံအသီးသီးကို စစ်ရေးလေ့လာရေး မစ်ရှင်တွေ စေလွှတ်ခဲ့ကြ ပါတယ်။ ဒါတင်မက နိုင်ငံခြား စစ်ကျောင်း တက္ကသိုလ်တွေကို အတုယူလို့ မြန်မာနိုင်ငံမှာလည်း စစ်တက္ကသိုလ်တွေ စတင်တည်ထောင် လာကြ ပါတယ်။ မြန်မာနိုင်ငံရဲ့ ပထမဦးဆုံး စစ်ရေးအခြေခံမူဝါဒက ၁၉၅၀ ခုနှစ်များ နောက်ပိုင်းမှာ ပေါ်ပေါက်လာပြီးတော့ ဒီမူဝါဒတွေရဲ့ အခြေခံဗိသုကာကတော့ စစ်ရုံးချုပ်မှာ စစ်ဦးစီး အရာရှိချုပ်တာဝန် ယူနေတဲ့ ဒုဗိုလ်မှူးကြီးမောင်မောင်ပဲ ဖြစ်ပါတယ်။

ဦးသန့်မြင့်ဦးရဲ့ ပျောက်ဆုံးသွားတဲ့ ခြေရာတွေနဲ့မြစ်ဆိုတဲ့ စာအုပ်မှာလည်း ဒီအကြောင်း ဖော်ပြခဲ့ပါသေးတယ်။ အဲသည် အချိန်က မြန်မာစစ်ဗိုလ်ချုပ်တွေစဉ်းစားချက်က တရုတ်ပြည်မကြီးက တရုတ်ဖြူတပ်တွေကျူးကျော်မှု ကို အကြောင်းပြလို့ အန္တရာယ်ပေးနိုင်တဲ့ ခြိမ်းခြောက်မှုလို့ ယူဆခဲ့ကြပါတယ်။ နောက်တခုက အမေရိကန်နိုင်ငံကလည်း ကုလသမဂ္ဂ အလံလွှင့်လို့ ကျူးကျော်လာနိုင်သေးတယ်လို့ တွက်ထားပါတယ်။ ဒီလိုအခြေအနေ တွေ ဖြစ်လာရင်တောင် အနည်းဆုံး ၃-လ ကြာ ခုခံ စစ်ဆင်နိုင်အောင် ပြင်ဆင်ခဲ့ကြတယ်လို့ ဆိုပါတယ်။ ဒု-ဗိုလ်မှူး ကြီးမောင်မောင်က ဒီမူဝါဒရေးဆွဲခဲ့ရာမှာ အချက် -၂ ခုအပေါ် အခြေခံခဲ့တယ်လို့ အစုစာအုပ်ရေးသူ မောင်အောင်မျိုးက ယူဆပါတယ်။ ပထမအချက်က သူ့ရဲ့ ပြင်းထန်တဲ့ ကွန်မြူနစ် ဆန့်ကျင်ရေးအမြင်ရယ်၊ ဒုတိယ အချက်က သူ့ပုဂ္ဂိုလ်ရေးဂုဏ်သိက္ခာဆည်လိုလို့ ဆိုပြီး ဖော်ပြပါတယ်။ ပြည်တွင်းစစ် အစပိုင်း ကာလမှာ ဒု-ဗိုလ်မှူးကြီးမောင်မောင်က သူပုန်ထတဲ့ကရင်တပ်တွေ ၁၉၄၉ မှာ ဖမ်းဆီးခံခဲ့ရပြီး၊ ၁၉၅၀ ခုနှစ်မှ ပြန်လွတ်လာခဲ့ ပါတယ်။ ဒါကြောင့် သူ့ကအခြားထိပ်ပိုင်း စစ်ဗိုလ်တွေကြားမှာ အရှက်ရ ခဲ့ပါတယ်။ ဗိုလ်မှူးမောင်မောင်က ပြောရမယ်ဆိုရင် စစ်ရေးအတွေ့အကြုံနည်းပြီး၊ စာတွေတွေထဲက ဒီမူဝါဒတွေ ချမှတ်ခဲ့တာ ဖြစ်ပါတယ်။

သူ့မူဝါဒ အခြေခံက ကျူးကျော်လာတဲ့တပ်တွေကို နယ်စပ်ဒေသမှာ ကာလတခုကြာ ထိန်းထားပြီး၊ နိုင်ငံတကာ တပ်တွေ ရောက်လာတာကို စောင့်ဖို့လို့ဆိုပါတယ်။ မဟာဗျူဟာမြောက် ငြင်းပယ်ခြင်း Strategy of strategic denial လို့ ဆိုပါ တယ်။ ဒီလို အခြေအနေတွေကြောင့်လည်း အလဲလဲ အကွဲကွဲအခြေအနေနဲ့ ကြုံတွေ့ရပါ တယ်။ ၁၉၅၃ ခုနှစ်၊ ဖေဖော်ဝါရီလမှာ လုပ်တဲ့ တရုတ်ဖြူကျူးကျော်ရေး စစ်ဆင်ရေးမှာ အရေးနိမ့်တာကြုံရပြီး၊ "နဂါးနိုင်စစ်ဆင်ရေး" ကို "နဂါးရှုံးစစ်ဆင်ရေး" ဆိုပြီး သတင်းစာတွေက သတင်းစာတွေက လှောင်ပြောင်ရေး သားခဲ့ကြပါတယ်။ စစ်ရုံးချုပ်ကတော့ နေ့ရှင်းလို သတင်းစာတွေက အသေးစိတ် သတင်းတွေ ဖော်ပြတာ ကြောင့် အားနည်းချက်ဖြစ်ရတယ်ဆိုပြီး ဖော်ပြ ပါတယ်။ စစ်ဆင်ရေး ဒု-တာဝန်ခံ ဗိုလ်မှူးကြီးစောမြင့်ကတော့ ဆက်သွယ်ရေးလမ်းကြောင်း ရှည်လျားတာရယ်၊ စစ်ဆင်ရေးအပေါ် လူထုထောက်ခံမှု ရရေး အတွက် အလွန် အကျူးဝါဒဖြန့်ခဲ့တာကြောင့်လို့ သုံးသပ်ပါတယ်။ ကျန် လေ့လာသူများကတော့ အဲဒီအချိန်က စစ်တပ်မှာ အမိန့်ပေးထိန်းချုပ်မှုစနစ် ပျက်ယွင်းနေတာတွေ၊ ထောက်ပံ့ရေးစနစ် မကောင်းတာ၊ သေချာ လေ့ကျင့်ထားမှု မရှိတာ၊ မူဝါဒချထားတဲ့အတိုင်း ယန္တယားတပ်ဆင်ထားတဲ့ တင့်ကားတွေ၊ သံချပ်ကာတပ်မတွေ စသဖြင့် ရှိမနေတဲ့ အားနည်းချက်၊ အရပ်သားပြည်သူ့စစ် အခြေခံတွေ ကောင်းကောင်းမရှိတာကို အားနည်းချက်အဖြစ် ထောက်ပြခဲ့ကြပါတယ်။

နောက်ပိုင်းမှာ ဗိုလ်မှူးကြီးမောင်မောင်လည်း ၁၉၆၀ ခုနှစ် ရွေးကောက်ပွဲမှာ ဘက်လိုက်တယ် ဆိုတဲ့ အကြောင်းပြချက်နဲ့ အရေးယူခံရပါတယ်။ ဒါပေမယ့်လည်း အမေရိကန် စီအိုင်အေနဲ့ ပတ်သက်မှုကြောင့် ထုတ်ပယ်ခဲ့တယ်၊ တန်ပြန် ထောက်လှမ်းရေးတပ် ဖွဲ့စည်းရာမှာ ပုဂ္ဂိုလ်ရေးရှေ့တန်းတင်မှုကို ဦးနေဝင်းက အမြင်မကြည်ဖြစ်ပြီး ထုတ်ပစ်ခဲ့တယ် ဆိုတဲ့ ကောလာဟလတွေလည်း ရှိခဲ့ပါတယ်။ နောက်အပတ်မှာတော့ ဒီစစ်ရေးမူဝါဒ ဆက်လက် ဖွံ့ဖြိုးလာပုံကို တင်ပြပါမယ်။ အားလုံးငြိမ်းချမ်း ပျော်ရွှင်နိုင်ကြပါစေ။

## မြန်မာ့တပ်မတော် တည်ဆောက်ခြင်း (၃)

မောင်အောင်မျိုးရေးသားတဲ့ မြန်မာ့တပ်မတော် တည်ဆောက်ခြင်းဆိုတဲ့ စာအုပ်ကို မိတ်ဆွေများ အတွက် စာ လက်ဆောင်ကဏ္ဍမှာ တင်ပြနေပါတယ်။ ဒီအပတ်မှာတော့ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် ပါတီ လက်ထက် ကျင့်သုံးခဲ့တဲ့ စစ်ရေးဆိုင်ရာ မူဝါဒ- ဒုတိယအဆင့် ဖွံ့ဖြိုးလာပုံကို တင်ပြထားပါ တယ်။

သောတရှင်မိတ်ဆွေများခင်ဗျား
ဒီကနေ့ မြန်မာတပ်မတော်က ဘယ်လိုစဉ်းစားလုပ်ဆောင်နေသလဲ ဆိုတဲ့ စစ်ရေးမူဝါဒ military doctrine နဲ့ ပတ်သက်လို့ ၁၉၅၀ ခုနှစ်များမှာ စတင်ဖွံ့ဖြိုးလာပုံကို အရင်အပတ်က တင်ပြခဲ့ပါတယ်။ ပထမပိုင်းမှာ ဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်ခဲ့ရပေမယ့် လည်း ပြန်လည်သုံးသပ်တာ မွမ်းမံပြင်ဆင်တာတွေ လုပ်ခဲ့ပြီး၊ နောက်ပိုင်းမှာ ကေအမ်တီ (KMT) တရုတ်ဖြူ ကျူးကျော်မှု တိုက်ပွဲတွေမှာလည်း အောင်ပွဲတွေရလာခဲ့ပါတယ်။ ပထမအဆင့်က သုံးခဲ့တဲ့ စစ်ရေး မူဝါဒဟာ နေရာယူစစ်သဘောမျိုး၊ ပုံမှန်စစ်ပွဲမျိုးသဘောဆောင်တဲ့ အတွက်ကြောင့် ၁၉၅၀ ခုနှစ်များ နောက် ပိုင်းမှာ ကေအန်ဒီအို၊ ဗမာပြည် ကွန်မြူနစ်ပါတီ စတဲ့ ပြောက်ကျားစစ်ဆန်ဆန် စစ်ပွဲမျိုးတွေမှာ အသုံး မတည့်ဘူး ဖြစ်လာခဲ့ပါတယ်။ ၁၉၅၈ ခုနှစ်၊ တပ်မတော် ညီလာခံ မှာတော့ ဗိုလ်မှူးကြီးကြည်ဝင်းက စာမျက်နှာ-၁၂၄ မျက်နှာ ရှိတဲ့ အစီရင်ခံစာတစောင် တင်သွင်းပြီး၊ စစ်ရေး မူဝါဒအသစ်ကို အဆိုပြုခဲ့ပါတယ်။ ဒီ အစီရင်ခံစာမှာပဲ တပ်မတော်က ကွန်မြူနစ် သောင်းကျန်းမှုတွေနဲ့ ပတ်သက်လို့ ကိုင်တွယ်ဖို့ တိကျ ရှင်းလင်းတဲ့ မဟာဗျူဟာတရပ် မရှိဘူးလို့ ထောက်ပြလာခဲ့ ပါတယ်။ စစ်ရေးဆိုင်ရာ မူဝါဒတွေမှာ နိုင်ငံရေးရှုထောင့်ကိုပါ ထည့်သွင်း စဉ်းစားသင့်တယ်လို့ ထောက်ပြခဲ့ပါတယ်။

ဒုတိယအဆင့် စစ်ရေးမူဝါဒကို ပြုစုဖို့အတွက် ပြည်သူတွေက တပ်မတော်အပေါ် ထားရှိတဲ့ သဘောထားအပေါ် စစ်တမ်း ကောက်ယူတာတွေ၊ စစ်ဆင်ရေး သဘောသဘာဝကို ပြန်သုံးသပ်တာတွေနဲ့ ၁၉၅၉ ခုနှစ်ကတည်းက စခဲ့ပါတယ်။

၁၉၆၁ ခုနှစ်က စလို့ တပ်မတော်စစ်ဦးစီးရုံးရဲ့ ဆုံးဖြတ်ချက်နဲ့ တပ်မတော် လေ့ကျင့်ရေးညွှန်ကြားရေးမှူးရုံးက အရာရှိ၊ အကြပ်၊ တပ်သားတွေအတွက် သက်ဆိုင်ရာ သင်တန်းတွေ ပြင်ဆင် လေ့ကျင့်ရုံမျှ သာမကဘဲ တနိုင်ငံလုံးဆိုင်ရာ အမျိုးသား ကာကွယ် ရေး အစီအစဉ်အတွက်လည်း တာဝန်ယူ သုတေသနပြုစေခဲ့ပါတယ်။ အခု ပြင်ဆင်တဲ့ စစ်ရေး မူဝါဒကတော့ ပြည်တွင်း-ပြည်ပ ရန်တွေကို ရင်ဆိုင်နိုင်အောင် စဉ်းစားထားတာပါ။ ၁၉၆၄ ခုနှစ်မှာ စစ်ဦးစီးရုံးက တင်ပြ လာခဲ့တဲ့ အစီရင်ခံစာမှာတော့ ဖြစ်နိုင်ခြေရှိတဲ့ ရန်သူတွေကို (၁) ပြည်တွင်း သောင်းကျန်းသူများ။ (၂) အင်အားတန်းတူ ရှိတဲ့ သမိုင်းအရ ရန်သူဖြစ်ခဲ့သူများ။ (၃) ပို၍ အင်အားကြီးတဲ့ ရန်သူများ ဆိုပြီး အမည်အတိအကျ မတပ်ဘဲ ဖော်ပြထားခဲ့ ပါတယ်။ ၁၉၆၄ ခုနှစ်၊ ဧပြီလာခံမှာတော့ သောင်း ကျန်းသူ နှိမ်နင်းရေးအတွက် ပြင်ဆင်မှုတွေ လုပ်လာတဲ့အပြင်၊ ပြည်ပ ရန်အတွက် ပြင်ဆင်ဖို့လည်း စဉ်းစားလာခဲ့ ပါတယ်။

အရင်က တပ်မတော်က ဆောင်ရွက်ခဲ့တဲ့ စစ်ဆင်ရေးတွေက ကျွဲက ဗေဒါကန်ထဲဆင်းသလို ဗေဒါတွေ ရဲသွားပေမယ့် ကျွဲမရှိ တဲ့အခါ ပြန်စုလာပြန်တဲ့ သဘောမျိုး ဖြစ်နေတယ်လို့ သုံးသပ်ခဲ့ပါတယ်။ အခုပြင်ဆင်မှုမှာတော့ ရေ မရှိရင် ငါး တွေ မရှင်သန် နိုင်ဆိုသလို သူပုန်တွေကို လူထုနဲ့ ဖြတ်တောက်ရေးကိစ္စကို စဉ်းစားလာခဲ့ကြပါတယ်။

အခုလို စစ်ရေးမူဝါဒတွေ ပြင်ဆင်နေစဉ်မှာပဲ ဒု-ဗမက သူရထွန်းတင်ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ကို ဆွစ်ဇာလန်၊ ယူဂို ဆလားဗီးယား၊ ချက်ကိုစလို ဗားကီးယား၊ အရှေ့ဂျာမဏီနိုင်ငံတွေကို ပြည်သူ့စစ်ပွဲ မဟာဗျူဟာ ပြင်ဆင်ထားမှုကို လေ့လာဖို့ ၁၉၆၄ ခုနှစ်မှာ စေလွှတ်ခဲ့ကြပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ တပ်မတော်နဲ့ ပြည်သူကို ပြည်သူ့စစ်ပွဲ မဟာဗျူဟာနဲ့ လေ့ကျင့်ပေးပြီး ၁၉၇၀ ခုနှစ်မှာ အဆင်သင့်ဖြစ်ရလေ အောင် လုပ်ဆောင်မယ်ဆိုတဲ့ စစ်ရေးမူဝါဒ ချမှတ်လာခဲ့ပါတယ်။ ၁၉၆၅ ခုနှစ်၊ တပ်မတော်ဧပြီလာခံမှာတော့ ပြည်သူ့စစ်ပွဲမူဝါဒကို တပ်မတော်ရဲ့ စစ်ရေးသဘောတရား၊ မူဝါဒ အဖြစ် တရားဝင် ချမှတ် ခဲ့ကြပါတယ်။ အဲဒီ ကာလက စစ်အစိုးရက အာဏာသိမ်းထားပြီး၊ တော်လှန်ရေးကောင်စီက အုပ်ချုပ်နေတဲ့ ကာလဖြစ်တဲ့ အတွက်လည်း စစ်တပ်က စိတ်ကြိုက်ဗျူဟာ ချမှတ်နိုင်ခဲ့ပါတယ်။ နောက်ပိုင်းမှာ နိုင်ငံကို ဦးဆောင်နေတဲ့ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မီတီက ၁၉၇၂ ခုနှစ်မှာ ပြည်သူ့စစ်ပွဲ မဟာဗျူဟာကို ထပ်ပြီး အတည်ပြုပေးခဲ့ ပြန်ပါတယ်။ ဒါတင်မက ၁၉၇၄ ခုနှစ်မှာ အတည်ပြုတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ "ပြည်သူတွေက လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနဲ့ နယ်မြေ တည်တံ့ရေးကို ကာကွယ်နိုင်ဖို့အတွက် နိုင်ငံတော် ကာကွယ်ရေး တာဝန် သည် မွန်မြတ်တဲ့ တာဝန်ဖြစ်သည်၊ ဤတာဝန်အရ စစ်သင်တန်းတွေ တက်ရမယ်၊ လိုအပ်ရင် စစ်မှုထမ်းရမယ်" လို့လည်း ပုဒ်မ ၁၇၀ နဲ့ ၁၇၁ မှာ ထည့်သွင်း ဖော်ပြခဲ့ပါသေးတယ်။

အဲသည်အချိန်က မြန်မာနိုင်ငံရဲ့ လူဦးရေက ၂၅ သန်းမျှသာပဲ ရှိပါသေးတယ်။ အဲဒီအထဲက ၅ ရာခိုင်နှုန်းကို လေ့ကျင့် ပေးပြီး၊ ပုံမှန်တပ်တွေအဖြစ် ထားရှိမယ်။ ကျန် ၂၅ ရာခိုင်နှုန်းကို အရံ ပြည်သူ့စစ်အဖြစ် ထားရှိဖို့ စတင် ပြင်ဆင်ခဲ့ကြ ပါတယ်။ အကယ်၍ အရေးပေါ်လာရင် ၇၂-နာရီအတွင်း အရံပြည်သူ့စစ်တွေကလည်း တိုက်ပွဲဝင်ဖို့ အဆင်သင့် ဖြစ်စေ ရမယ်လို့ စီစဉ်ထားခဲ့ပါတယ်။ လေ့ကျင့်မှုတွေမှာလည်း "အကြွင်းမဲ့စစ်ပွဲ" တနည်း "ပြည်သူ့စစ်ပွဲ" ကို မှန်းဆ လေ့ကျင့် ပေးခဲ့တာပါ။ ပြည်သူ့စစ်ပွဲမူအရ ပြည်သူ့စစ် တပ်ဖွဲ့တွေကိုလည်း နေရာ အတော်များများမှာ စုဖွဲ့ခဲ့ကြပါတယ်။ ဒီမူဝါဒ အရ ဖောင်ကြီး ဗဟို ပြည်သူ့ဝန်ထမ်း လေ့ကျင့်ရေး ကျောင်းကို ချက်ချင်း စတင်ခဲ့ပါတယ်။ ဝန်ထမ်းတွေကို အခြေခံစစ်ပညာ လေ့ကျင့်ပေးတဲ့အပြင်၊ သာမာန် ပြည်သူတွေကိုလည်း ပြည်သူ့စစ်ပွဲနဲ့ ပတ်သက်လို့ ပညာပေး တာတွေ စတင် လုပ်ဆောင် လာခဲ့ပါတယ်။

ကျနော်တို့ ငယ်ငယ်က ကြားဖူးနေရတဲ့ စစ်ကြောင်းကြီး (၅) ကြောင်း ဆိုတာလည်း အခု ပြည်သူ့စစ်မူအရ စုဖွဲ့တာလို့ သိလာ ရပါတယ်။ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ စစ်ရေးနဲ့ လူထု စီမံခန့်ခွဲရေး စစ်ကြောင်းတွေပါပဲ။ ပြည်သူတရပ်လုံးရဲ့ လူသူ၊ ရုတ်ဝတ္ထုပစ္စည်း၊ စိတ်ဓါတ်အားကို နှိုးဆော် အရယူလို့ အခုဖော်ပြခဲ့တဲ့ စစ်ကြောင်း ကြီး (၅) ကြောင်း စုဖွဲ့မှု အောက်မှာ သောင်းကျန်းသူချေမှုန်းရေး စစ်ပွဲ အောင်ပွဲဆင်ဖို့ စီစဉ်ခဲ့တယ်လို့ ဆိုပါတယ်။ လမ်းစဉ်ပါတီ ဦးဆောင်မှု အောက်မှာ စစ်ပြန် စစ်မှုထမ်းဟောင်းအဖွဲ့ကို ၁၉၇၅ မှာ ဖွဲ့စည်းခဲ့ပါတယ်။ ဒါတင်မက လူငယ်တွေကို စုစည်းနိုင်ဖို့ တေဇလူငယ်၊ ရှေ့ဆောင်လူငယ်၊ လမ်းစဉ်လူငယ်အဖွဲ့တွေကိုလည်း အရံအင်အား တွေအနေနဲ့ စုဖွဲ့ခဲ့ရုံမက စစ်ရေးအခြေခံ သင်တန်းတွေပါ တက်စေခဲ့ပါတယ်။ ရေကြောင်းလူငယ်၊ လေကြောင်း လူငယ် သင်တန်းစသဖြင့်ဟာလည်း ပြည်သူ့ စစ်ပွဲမဟာဗျူဟာ အောက်က ပေါ်ပေါက်လာ တာပဲ ဖြစ်ပါတယ်။ အထူးသတိပြုစရာကလည်း အဲသည်ကာလတွေက တပ်မတော်စစ်ဆင်ရေးတွေ အောင်မြင်မှု ရခဲ့ရင် ပြည်သူနဲ့ တပ်မတော် ပူးပေါင်းဆင်နွှဲတဲ့ အောင်ပွဲဆိုတာမျိုး သတင်းစာ တွေမှာ အသားပေးဖော်ပြခဲ့ကြ ပါတယ်။

နောက်ပိုင်းမှာတော့ ဒီမူဝါဒ အောက်မှာပဲ "ဖြတ်လေးဖြတ် ဗျူဟာ" လို့ ခေါ်တဲ့ သောင်းကျန်သူတွေ အပေါ် ရိက္ခာဖြတ်တာ၊ သတင်း အဆက်အသွယ် ဖြတ်တာ၊ ငွေကြေးဘဏ္ဍာဖြတ်တာ၊ သုတ်သင်သတ်ဖြတ် တာတွေကို ဧရာဝတီမြစ်ဝ ကျွန်းပေါ် ဒေသ နဲ့ ပဲခူးရိုးမဒေသ စစ်ဆင်ရေးတွေမှာ တပ်မတော်က ဆောင်ရွက်ခဲ့ကြပါတယ်။ ဒေသတွေကိုလည်း အနက်ရောင်၊ အညိုရောင်၊ အဖြူရောင် စသဖြင့် သူပုန်သူကန် ကင်းရှင်းမှု အခြေအနေ အလိုက် သတ်မှတ်ပြီး စစ်ဆင်ရေးတွေ ဆောင်ရွက်ခဲ့ကြပါတယ်။

စာရေးသူ မောင်အောင်မျိုးက ဒီစာအုပ်မှာ မှတ်တမ်းသဘောမျိုး အချက်အလက်၊ ဖြစ်စဉ်တွေကို စုစည်းဖော်ပြ ခဲ့ပေမယ့် ဒီမူဝါဒအပေါ် သုံးသပ်ဝေဖန်ခဲ့တာ မတွေ့ရပါဘူး။ ကျနော်ဖတ်မိတဲ့ အငြိမ်းစား ဗိုလ်မှူးချုပ်သန်းတင် ရေးတဲ့၊ ၂၀၀၄ ခုနှစ် အမျိုးသားစာပေဆုရ "ကိုယ်တွေ့ဖြစ်ရပ်များ၊ စစ်ဆင်ရေးပြီး စစ်ဆင်ရေးမှ" ဆိုတဲ့ စာအုပ်မှာ ဖြတ်လေးဖြတ် စစ်ဆင်ရေး ဆောင်ရွက်ပုံ အသေးစိတ်ကို ဖော်ပြခဲ့တာကို ဖတ်ရပါတယ်။ ဧရာဝတီတိုင်းနဲ့ ပဲခူးရိုးမက ရွာတွေအားလုံးနီးပါးကို ဖြတ်လေး ဖြတ်စစ်ဆင်ရေးအတွက် ခြံခတ်ပြီး ထွက်ပေါက်တခုပဲ ရှိစေတာ၊ ရိက္ခာတွေကို စုစည်းသိမ်းခိုင်းထားတာ၊ ရွာသားတွေ သောင်း နဲ့ချီလို့ ပိုင်းပတ်ပိတ်ဆို့ရေးကိစ္စတွေမှာ အသုံးချ ခဲ့တာ၊ သူပုန်အမာခံလို့ မသင်္ကာသူတွေကို ထိန်းသိမ်းရေးစခန်းတခုမှာ ထောင်နဲ့ချီပြီး စခန်းတွေမှာ လနဲ့ချီ ထိန်းသိမ်းခဲ့တာတွေကို ဖတ်ခဲ့ရပါတယ်။ လူ့အခွင့် အရေး ရှုထောင့်ဖက်က ကြည့်ရင် ဘေးထွက်ဆိုးကျိုးတွေ ရှိခဲ့တာကိုလည်း သုံးသပ်နိုင်ပါတယ်။ စစ်ဆင်ရေးတွေအောင်မြင်ဖို့ လူထုက ပေးဆပ်ရတဲ့ တန်ဖိုးပဲ ဆိုရပါလိမ့်မယ်။ နောက်အပတ်မှာတော့ အခု ၁၉၈၈ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်း လက်ရှိ စစ်အစိုးရ လက်ထက် မှာ ဒီစစ်ရေးမူဝါဒ ချမှတ်ကျင့်သုံးနေပုံကို ဆက်လက်တင်ပြပါမယ်။ အားလုံးငြိမ်းချမ်း ပျော်ရွှင်နိုင်ကြပါစေ။

မြန်မာ့တပ်မတော် တည်ဆောက်ခြင်း (၄)

မောင်အောင်မျိုးရေးသားတဲ့ မြန်မာ့တပ်မတော် တည်ဆောက်ခြင်းဆိုတဲ့ စာအုပ်ကို မိတ်ဆွေများ အတွက် စာ လက်ဆောင်ကဏ္ဍမှာ တင်ပြနေပါတယ်။ ဒီအပတ်မှာတော့ နဝတ-နအဖ စစ်အစိုးရ လက်ထက် ကျင့်သုံးနေတဲ့ စစ်ရေးဆိုင်ရာ မူဝါဒ-တတိယအဆင့် ဖွံ့ဖြိုးလာပုံကို တင်ပြထားပါတယ်။

သောတရှင်မိတ်ဆွေများခင်ဗျား
ဒီကနေ့ ၁၉၈၈ ခုနှစ် စစ်အာဏာသိမ်းပြီးချိန်ကစလို့ တက်လာတဲ့ နဝတ-နအဖ စစ်အစိုးရနဲ့ မြန်မာ့ တပ်မတော်က ဘယ်လိုစဉ်းစားလုပ်ဆောင်နေသလဲဆိုတဲ့ စစ်ရေးမူဝါဒ military doctrine ဖွံ့ဖြိုး တိုးတက်လာပုံ တတိယ အဆင့်နဲ့ ပတ်သက်လို့ မောင်အောင်မျိုးက ဆက်လက်တင်ပြခဲ့ပါတယ်။

ပြောရမယ်ဆိုရင်တော့ နဝတ-နအဖ စစ်အစိုးရလက်ထက်တွေမှာလဲ စစ်ရေးအခြေခံ မူဝါဒဟာ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ် ပါတီ လက်ထက်က ကျင့်သုံးခဲ့တဲ့ "ပြည်သူ့စစ်ပွဲ မဟာဗျူဟာ" ကိုပဲ ယေဘုယျအားဖြင့် ဆက်ခံပါ တယ်။ ဒါပေမယ့် ထူးခြား တဲ့ အပြောင်းအလဲ၊ အခြေအနေ တချို့တော့ ရှိပါတယ်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့လို့ ခေါ် တဲ့ (နဝတ) အာဏာသိမ်း စစ်ကောင်စီက ၁၉၈၈ ခုနှစ် ဒီမိုကရေစီ လူထုအုံကြွမှု အရေးတော်ပုံကြီးကို စစ်တပ် အင်အားနဲ့ သွေးထွက်သံယို အကြမ်းဖက်ဖြိုခွင်းပြီးမှ တိုင်းပြည်အခြေအနေကို ထိန်းသိမ်းဖို့ဆိုပြီး အာဏာသိမ်းတက်လာတဲ့ စစ်အစိုးရ ဖြစ်ပါတယ်။ စစ်အစိုးရသစ် တက်လာပြီးနောက်ပိုင်းမှာ လည်း နိုင်ငံတကာက ပြစ်တင်ဝေဖန်တာ၊ ပိတ်ဆို့အရေးယူ တာတွေ ရှိလာခဲ့ပါတယ်။ အဲဒီအချိန်မှာ စစ်တပ်ခေါင်းဆောင်တွေက လက်ရှိ စစ်တပ်ရဲ စစ်ရေးအခြေခံ မူဝါဒ military doctrine နဲ့ မဟာဗျူဟာတွေ ကို ပြန်လှည့်သုံးသပ်ခဲ့ကြတယ်လို့ ဆိုပါတယ်။ အကြောင်းကတော့ စစ်ဗိုလ်ချုပ် တွေ အနေနဲ့ ပြည်ပနိုင်ငံတခုရဲ တိုက်ရိုက်စစ်ရေး ကျူးကျော်မှု ဒါမှမဟုတ် ဩဇာခံနိုင်ငံတခုကတဆင့် ကျူးကျော်မှုတွေ ဖြစ်လာ မယ့်အရေးကို သူတို့က ပိုလို့စိုးရိမ်လာလို့ပဲလို့ ဆိုပါတယ်။ ၁၉၈၈ ခုနှစ်၊ ဒီမိုကရေစီ လူထုဆန္ဒပြပွဲတွေ ဖြစ်နေ တဲ့အချိန်မှာ မြန်မာ့ရေပိုင်နက်ထဲမှာ အမေရိကန် ရေတပ်သင်္ဘောတွေ ကျူးကျော်ခဲ့ကြတယ်လို့ အစိုးရပိုင်သတင်းဌာနတွေ က အကြိမ်ကြိမ် ဖော်ပြခဲ့ကြပြီး၊ ဒါဟာ အချုပ်အခြာ အာဏာပိုင်နယ်မြေကို ကျူးကျော်မှုလို့လည်း သူတို့က စွပ်စွဲခဲ့ကြ ပါတယ်။ အဲဒါအပြင် ပြည်ပ နိုင်ငံတွေက လက်နက်ကိုင်တိုက်ခိုက်နေတဲ့ သူပုန်တွေကို အကူအညီတွေ ပေးလာပြီး၊ နယ်စပ်မှာ အင်အားစုဆောင်း ဖွံ့ဖြိုးလာမယ့်အရေးကိုလည်း စိုးရိမ်စိတ်ပွားခဲ့ကြပါတယ်။

၁၉၈၈ ခုနှစ်၊ ဆန္ဒပြပွဲတွေ အတွင်းမှာ ပေါ် ပေါက်ခဲ့ကြတဲ့ နိုင်ငံရေးအဖွဲ့အစည်းအသီးသီးကလည်း ပြည်ပအကူအညီတွေ တောင်းခံ ပြီး သူတို့ကို ဆန့်ကျင်လာမှာကို စစ်အစိုးရက စိုးရိမ်စိတ်ပွားခဲ့ပါတယ်။ နိုင်ငံရပ်ခြားက ဝင်ရောက် စွက်ဖက်တာ တွေ၊ အကူအညီ ပေးတာတွေ ရှိလာမယ်၊ အစိုးရကို မတည်မငြိမ် ဖြစ်လာအောင် လုပ်လာမယ်၊ အစိုးရကို ဖြုတ်ချပစ်မယ် လို့လည်း စိုးရိမ်လာခဲ့ပါတယ်။ အဲသည်လို သူတို့မြင်လာ ယုံကြည်လာကြတဲ့ ခြိမ်း ခြောက်မှုတွေအပေါ် အခြေခံပြီး စစ်တပ် ရဲ စွမ်းဆောင် နိုင်ရည်၊ စစ်တပ် အခြေခံမူဝါဒတွေကို ပြန်လည်သုံးသပ် လာပါတော့တယ်။ အရင်ကာလ ဆိုရှယ်လစ် အစိုးရ က ဘက်မလိုက် ကြားနေ နိုင်ငံခြားရေး မူဝါဒနဲ့ နိုင်ငံကို အထီးကျန် အုပ်ချုပ်ခဲ့စဉ်က ဒီကိစ္စတွေက အရေးသိပ်မပါခဲ့သော် လည်း အခုတော့ အရေးတကြီး စဉ်းစားရဖို့ ဖြစ်လာပါတယ်။

(နဝတ) စစ်အစိုးရ တက်လာပြီးစမှာပဲ စစ်အစိုးရသစ်ရဲ အမျိုးသား အခြေခံမူဝါဒအဖြစ် တို့တာဝန် အရေး (၃) ပါးကို ကြေညာ ခဲ့ပါတယ်။ ဒီအမျိုးသားရေးတာဝန် (၃) ပါးကို ဆန့်ကျင်လာမယ်ဆိုရင်တော့ သူတို့က ခြိမ်းခြောက်မှုလို့ သတ်မှတ်ပါတယ်။ နောက်ပိုင်းထုတ်ဖော်လာတဲ့ ကြွေးကြော်သံတွေကို ကြည့်ရင်လည်း သိသာနိုင်ပါတယ်။ ပြည်တွင်း- ပြည်ပရန်တို့၊ ပြည်တွင်း ရေးကို ဝင်ရောက်နှောက်ယှက် ဖျက်ဆီးသောတို့၊ အနောက်နိုင်ငံများကို အားကိုးသော ပုဆိန်ရိုး ... စသဖြင့်တို့ကို ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ ဆိုတာတွေ တွေ့ကြရ မှာ ဖြစ်ပါတယ်။ အဲဒီလို ခြိမ်းခြောက်မှု ကြီးတယ် လို့ ယူဆလာတဲ့ အခြေ အနေမှာ တပ်အင်အား အဆမတန် တိုးချဲ့တာတွေ၊ လက်နက် ဝယ်ယူစုဆောင်းတာတွေ ဖြစ်လာ ခဲ့ပါတယ်။ ၁၉၈၉-၉၀ ခုနှစ် ကာလတုန်းက မြန်မာ့ တပ်မတော်မှာ လေယာဉ်ပစ်လက်နက် အနည်းငယ်နဲ့ တင့်ကား ၆၀ လောက်ပဲ ရှိခဲ့ပါတယ်။

အဲသည်နောက် တော့ တိုက်လေယာဉ်သစ်၊ လေကြောင်းရန် ကာကွယ်ရေးစနစ်သစ်တွေ ဝယ်တာ၊ တင့်ကား၊ စစ်သင်္ဘောတွေ၊ ရေဒါ၊ အီလက်ထရွန်နစ် ထောက်လှမ်းရေးစနစ်တွေ ဒေါ် လာသန်းထောင်ချီပြီး ဝယ်ယူ အားဖြည့်တာတွေ ဖြစ် လာပါတယ်။ ၁၉၈၈ ခုနှစ်က ခြေလျင်တပ်ရင်း ၁၆၈ ရင်းမှာ ကြည်းတပ်စစ်သည် တစ်သိန်း ရှစ်သောင်းလောက် သာ ရှိရာကနေ၊ ၂၀၀၀ ခုနှစ်မှာ ခြေလျင်တပ်ရင်း ၄၆၂ ခု၊ ၂၀၀၇ ခုနှစ်မှာတော့ ခြေလျင်တပ်ရင်း ၅၀၄ ခုနဲ့ တပ်မတော်စစ်သည်အင်အား ၆ သိန်း လောက်အထိ တိုးချဲ့ခဲ့ပါတယ်။

နောက်တခု ထူးခြားချက်အခြေအနေကတော့ ခေတ်သစ် စစ်ပွဲတွေရဲ နည်းပညာအုံ့မခန်း အဆင့်မြင့်လာမှု ဖြစ်ပါတယ်။ ဒီအချက် ကိုလည်း စစ်ခေါင်းဆောင်တွေက သတိထားမိခဲ့ကြပါတယ်။ ဒီလိုအခြေအနေတွေကို ဘယ်လို တုံ့ပြန်နိုင် မလဲ ဆိုတာကိုလည်း အာရုံစူးစိုက်ခဲ့ကြပါတယ်။ စစ်အရာရှိတွေက အီလက်ထရွန်နစ်နဲ့ သတင်းနည်းပညာစစ်ဆင်ပုံတွေကို အထူးအာရုံစိုက် လေ့လာခဲ့တယ်လို့ ဆိုပါတယ်။ အီရတ်မှာ ဖြစ်ခဲ့တဲ့ အမေရိကန်ရဲ သဲကန္တာရမုန်တိုင်း စစ်ဆင်ရေး၊ ကော်ဆိုဗိုစစ်ပွဲ၊ အာဖဂန်နစ္စတန်စစ်ပွဲတွေကိုလည်း တပ်မတော် စစ်ရေးသုတေသန ဗျူရိုက သေချာသုတေသနပြုလို့ စစ်ပညာရာနယ်တွေမှာ ထည့်သွင်းဖော်ပြခဲ့ကြတယ်လို့ ဆိုပါတယ်။ ဒီလို အချက်တွေကို တုံ့ပြန်နိုင်ဖို့ "ခေတ်သစ် အခြေ အနေအောက်က ပြည်သူ့စစ်ပွဲမဟာဗျူဟာ" ဆင့်နွှဲဖို့ ပြင်ဆင်ခဲ့ကြတယ်လို့ မောင်အောင်မျိုးက ဖော်ပြပါတယ်။

"ခေတ်သစ် အခြေအနေအောက်က ပြည်သူ့စစ်ပွဲမဟာဗျူဟာ" ဆိုတာကတော့ တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော် (PLA) ရဲ စစ်ရေးအယူအဆကို ပုံတူကူး ပွားယူခဲ့တာ ဖြစ်ပါတယ်။ အဓိက အချက်ကတော့ ပြည်သူ့စစ်ပွဲ မဟာဗျူဟာမှာပဲ ခေတ်မီဆန်းသစ်တဲ့ လက်နက်တွေ ပေါင်းစပ်အသုံးပြုရေးပဲ ဖြစ်ပါတယ်။ အကယ်၍ ကျူးကျော်စစ် ဖြစ်ပွားလာရင် သေချာ လေ့ကျင့်ထားတဲ့ ပုံမှန်တပ်တွေက ရှေ့ကနေခံစစ်ဆင်မယ်၊ လေ-ရေ ပူးပေါင်း စစ်တွေလည်း ဆင်မယ်၊ အသေ ခံစစ်သဘော ကနေ အရှင် ခံစစ်သဘောကို ပြောင်းယူတဲ့ အခြေခံ အယူအဆပဲ ဖြစ်ပါတယ်။

ဒီအယူအဆအောက်မှာပဲ ကြည်း-ရေ-လေ ပူးတွဲစစ်ရေးလေ့ကျင့်မှုတွေကို ၁၉၉၅ ခုနှစ်၊ ၁၉၉၇ ခုနှစ်မှာ လုပ်ခဲ့ သလို၊ ၁၉၉၈ ခုနှစ်မှာ ခြေလျင်၊ အမြောက်၊ လေတပ် ပူးတွဲလေ့ကျင့်မှုတွေ လုပ်ခဲ့ပါတယ်။ ဒီလို စစ်ရေးလေ့ကျင့် မှုတွေကို လျှို့ဝှက်ထားခဲ့ ပေမယ့် လူအင်အားအများအပြား သုံးခဲ့တဲ့အတွက်ကြောင့် သတင်းတွေ ဖုံးဖိထားလို့ မဖြစ်နိုင်ခဲ့ပါဘူး။ အချို့သတင်းတွေအရ တပ်မ-၅ ခုနဲ့ စစ်သည်အင်အား ၃၀၀၀၀ လောက်အထိ ပါဝင်ခဲ့ပြီး၊ လက်နက်ကြီး အမြောက်မျိုးစုံ၊ တင့်ကားနဲ့ သံချပ်ကာအစင်း ၃၀၀ လောက်၊ တိုက်လေယာဉ် ၆-အုပ်စု၊ ရေ တပ်သင်္ဘော ၁၀ လောက် ပါဝင် လှုပ်ရှား ခဲ့ကြတယ် ဆိုပါတယ်။

ဒီအယူအဆနဲ့ ပတ်သက်လို့ စစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်သန်းရွှေက ထိပ်တန်းတပ်မတော် အရာရှိတွေကို လေ့ကျင့် ပေးတဲ့ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် အမှတ်စဉ် (၃) သင်တန်းဆင်းပွဲ မိန့်ခွန်းမှာ ထည့်ပြောတာ ကိုလည်း မောင်အောင်မျိုးက ကိုးကားဖော်ပြခဲ့ပါတယ်။ "နိုင်ငံတော် ကာကွယ်ရေးအတွက်

အရေးအကြီးဆုံးကတော့ ပြည်သူ တရပ်လုံးရဲ့ ထောက်ခံမှုကို ရရှိဖို့ပဲ။ အခုမြန်မာနိုင်ငံမှာ ပြည်သူ့စစ်ပွဲ မဟာဗျူဟာကို ချမှတ် ကျင့်သုံးနေတယ်။ အကယ်၍ ခေတ်သစ် အခြေအနေ အောက် မှာ ပြည်သူ့စစ်ပွဲမဟာဗျူဟာကို ကျင့်သုံးနိုင်မယ် ဆိုရင် ဘယ်လိုအခြေအနေကြုံကြုံ နိုင်ငံတော်ကို ကာကွယ်နိုင်မယ်လို့ ယုံကြည်တယ်" လို့ ပြောတာကို ထည့်သွင်းဖော်ပြခဲ့ပါတယ်။

နောက်အပတ်မှာတော့ ခေတ်သစ်ပြည်သူ့စစ်ပွဲ မဟာဗျူဟာကို မြန်မာ့တပ်မတော်က ဘယ်လိုစဉ်းစားသလဲ ဆိုတာနဲ့ အခြား ထူးခြားချက်၊ ကျနော်သုံးသပ်မိတဲ့ အားသာ-အားနည်းချက်တွေကို ဆက်လက်တင်ပြပါမယ်။ အားလုံး ငြိမ်းချမ်း ပျော်ရွှင်နိုင်ကြ ပါစေ။

## မြန်မာ့တပ်မတော် တည်ဆောက်ခြင်း (၅)

မောင်အောင်မျိုးရေးသားတဲ့ မြန်မာ့တပ်မတော် တည်ဆောက်ခြင်းဆိုတဲ့ စာအုပ်ကို မိတ်ဆွေများ အတွက် စာ လက်ဆောင် ကဏ္ဍမှာ တင်ပြနေပါတယ်။ ဒီအပတ်မှာတော့ နဝတ-နအဖ စစ်အစိုးရ လက်ထက် ကျင့်သုံးနေတဲ့ စစ်ရေးဆိုင်ရာ မူဝါဒကို ဝေဖန်တင်ပြထားပါတယ်။

သောတရှင်မိတ်ဆွေများခင်ဗျား
၁၉၈၈ ခုနှစ် စစ်အာဏာသိမ်းပြီးချိန်ကစလို့ တက်လာတဲ့ နဝတ-နအဖ စစ်အစိုးရက "ခေတ်သစ် အခြေအနေ အောက်က ပြည်သူ့စစ်ပွဲမဟာဗျူဟာကို" ကျင့်သုံးနေခဲ့ကြောင်း တင်ပြခဲ့ပါတယ်။ အရင် (မဆလ) ဆိုရှယ်လစ် အစိုးရခေတ်ကတော့ ပြည်သူ့စစ်ပွဲမဟာဗျူဟာမှာ ထု (၃) ခု နဲ့ ပမာဏ (၄) ရပ် ကို စစ်ရေးအခြေခံမူဝါဒအရ အခြေခံထားတယ်လို့ ဆိုပါတယ်။ ထု ၃- ထုဆိုတာကတော့ (လူဦးရေ၊ အချိန်နဲ့ နေရာ) ပဲ ဖြစ်ပါတယ်။ ဒီထု (၃) ခုကို အခြေခံပြီး စစ်ကစားမယ်ဆိုတဲ့ သဘောပါ။ ဒါပေမယ့် ခေတ်သစ်ပြည်သူ့စစ်ပွဲ မဟာဗျူဟာမှာတော့ ထု (၄) ခုဆိုပြီး ခေတ်သစ် နည်းပညာ သဘော ဆိုင်ဘာစစ်ဆင်ရေး (cyber warfare) ကိုပါ ထု တခု အနေနဲ့ ထည့်သွင်း သတ်မှတ်ခဲ့ပါတယ်။ ခေတ်သစ်စစ်ပွဲတွေမှာ မြေ၊ ပင်လယ်၊ လေထု၊ အာကာသ သာမက ဆိုင်ဘာစပေ့စ်ခေါ်တဲ့ ခေတ် ပေါ် နည်းပညာနယ်ပယ်ကိုပါ တိုးချဲ့သတ်မှတ်လာတဲ့ သဘောဖြစ်ပါတယ်။ ပဏာမ (၄) ရပ် ဆိုတာကတော့ လူအင်အား၊ ရုပ် ဝတ္ထု၊ အချိန်နဲ့ စိတ်ဓါတ်ပဲ ဖြစ်ပါတယ်။

ဒီအချက်တွေကို မြန်မာစစ်ဗိုလ်ချုပ်တွေက အလေးထားပြောခဲ့ကြောင်း မောင်အောင်မျိုးက ဖော်ပြပါတယ်။ ၂၀၀၀ ခုနှစ်မှာ ကျင်းပတဲ့ တပ်မတော်အရာရှိငယ်သင်တန်းဖွင့်ပွဲတခုမှာ ဗိုလ်ချုပ်ကြီးမောင်အေးက "အခု ၂၁ ရာစုမှာ ဆက်သွယ်ရေး နည်းပညာတွေကို ပိုလို့ ကျယ်ကျယ်ပြန့်ပြန့် သုံးလာတယ်။ ကမ္ဘာ့ဆက်သွယ်ရေးစနစ် တွေက ပိုလို့ မြန်ဆန်လာတယ်။ ဂလိုဘယ်လိုက်ဇေးရှင်းကာလမှာ ခေတ်သစ်သိပ္ပံနဲ့ နည်းပညာတွေကို အမျိုးသားလုံခြုံရေးနဲ့ ကာကွယ်ရေးအတွက် အသုံးချ ရမယ်။ အရာရှိလောင်းတွေဟာ တီထွင်ဖန်တီးမှု ရှိရမယ်။ ခေတ်သစ် အမိန့်ပေး၊ ထိန်းချုပ်တဲ့ စနစ်တွေကိုလည်း ကျွမ်းကျင် ပိုင်နိုင်အောင် လုပ်ရမယ်" လို့ ဆိုခဲ့ ပါတယ်။

ပြည်သူ့စစ်ပွဲမဟာဗျူဟာဆိုပြီး အရင် (မဆလ) အစိုးရ လက်ထက်မှာ လူထုကို လှုံ့ဆော်လို့ စစ်ကြောင်းကြီး (၅) ကြောင်း ဆိုတာတွေ၊ ဖြတ် (၄) ဖြတ် စစ်ဆင်ရေးဆိုတာတွေကို သူပုန်နှိမ်နင်းရေး စစ်ဆင်ရေးတွေမှာ အသုံးချခဲ့ပါတယ်။ အရင် ကတော့ အဲသလို လူထုစည်းရုံး လှုံ့ဆော်ရေးကိစ္စတွေကို အစိုးရနဲ့ ပြည်သူ့ကောင်စီဆိုတဲ့ အုပ်ချုပ်ရေး ယန္တယားတွေက တာဝန်ယူ ပါတယ်။ စစ်တပ်ကတော့ စစ်ရေးကိစ္စ သက်သက်ကိုသာ အဓိက တာဝန် ယူရပါတယ်။ (၁၉၈၈) စစ်အာဏာ သိမ်းပြီး နောက်ပိုင်း တက်လာတဲ့ (နဝတ-နအဖ) စစ်အစိုးရမှာ ထူးခြားချက်ကတော့ အရင်လို လူထုစည်းရုံး လှုံ့ဆော်ရေး လုပ်ပေးမယ့် အရပ်သားအစိုးရ မရှိပါဘူး။ စစ်တပ် လည်းသူ၊ လူထုစည်းရုံး လှုံ့ဆော်ရေးအတွက် အစိုးရဖက်ကလည်း သူဆိုတာမျိုး ဖြစ်လာခဲ့ပါတယ်။ နောက်ပိုင်း မှာတော့ အရင်က လမ်းစဉ်လူငယ်အဖွဲ့တွေလိုမျိုး ပြည်ထောင်စု ကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးအဖွဲ့၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၊ မိခင်နဲ့ကလေး စောင့်ရှောက်ရေး အသင်းဆိုတာတွေကို အစိုးရရဲ့ လူထု လူတန်း စားအခြေခံ အသင်းတွေ အနေနဲ့ ဖွဲ့လာခဲ့ပါတယ်။ ဒီအဖွဲ့တွေမှာ ဗိုလ်ချုပ်ကတော်တွေက နာယက၊ ဥက္ကဌ အဖြစ် တာဝန် ယူကြပါတယ်။ အဲဒါအပြင် စစ်ပြန်စစ်မှုထမ်းဟောင်းတွေကိုလည်း အရံအင်အားအဖြစ် ပြန်စုခဲ့ပါတယ်။

ဒါတင်မက ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့၊ အရံ မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ကြက်ခြေနီအဖွဲ့တွေကိုလည်း ညီနောင်တပ်ဖွဲ့ တွေ အဖြစ်သတ်မှတ်ခဲ့ပါတယ်။ တပ်မတော်နေ့ စစ်ရေးပြရာမှာ နောက်ပိုင်းကာလမှာ ဒီအဖွဲ့ တွေကိုပါ ချီတက် အလေး ပြုရာမှာ ပါဝင်စေတာကို သတိထားမိကြပါလိမ့်မယ်။ အဲဒါအပြင် စစ်တပ်က မိသားစု ဝင်တွေကိုလည်း ပြည်သူ့ စွမ်းအား ရှင်အဖွဲ့ဆိုပြီး မြောက်ပိုင်းတိုင်းကစလို့ စုဖွဲ့ခဲ့တယ်လို့ မောင်အောင်မျိုးက ဖော်ပြပါတယ်။ စစ်တပ်က မိသားစုဝင် အိမ်ထောင်သည် တွေကို လည်း စစ်ရေးလေ့ကျင့်ခန်းတွေ ပေးခဲ့ပါတယ်။ ဒီလိုလေ့ကျင့်စေရာမှာ သတင်းတွေအရ လေယာဉ်ပစ် စက်သေနတ် သင်တန်း တွေ၊ လက်နက်ကြီး သင်တန်းတွေ ကိုတောင် တက်စေခဲ့တယ်လို့ ဆိုပါတယ်။ ဒ့ါအပြင် ၁၉၉၄ ခုနှစ်ကစလို့ ကြံ့ခိုင်ဖွံ့ဖြိုးရေး အဖွဲ့တွေကတဆင့် လူစုပြီး လေကြောင်းလူငယ်၊ ရေကြောင်း လူငယ် သင်တန်းတွေကိုလည်း ပြန်စလာခဲ့ပါတယ်။

ဒီနေရာမှာ ဝေဖန်စရာရှိတာက အခု ပြည်သူ့စစ်ပွဲ မဟာဗျူဟာရဲ့ ရန်သူသတ်မှတ်မှု ပြဿနာပဲ ဖြစ်ပါတယ်။ တို့တာဝန် အရေး (၃) ပါးကို ဆန့်ကျင်လာရင် ရန်သူလို့ သတ်မှတ်ထားပါတယ်။ သတ်မှတ်ရာမှာလည်း နိုင်ငံရေးအရ သဘော ထားကွဲသူ တွေ ကိုတောင် ရန်သူလို့ ထည့်သွင်းသတ်မှတ်ခဲ့ပုံ ရပါတယ်။ စစ်အစိုးရရဲ့ ကြွေးကြော်သံတွေမှာ ဖော်ပြသလို ပြည်တွင်းနိုင်ငံရေးကို ဝင်ရောက်နှောက်ယှက်ဖျက်ဆီးနေတဲ့သူတွေ၊ ပြည်တွင်း ပြည်ပ အဖျက်သမားတွေ စသဖြင့်ကို ဘုံရန်သူအဖြစ်တောင် သတ်မှတ်ချေမှုန်းကြဖို့ ဆိုတာတွေ ဖြစ်လာပါ တယ်။ အဲသည်တော့ အရင်က လက်နက်ကိုင် သူပုန်တွေအပေါ် သုံးခဲ့တဲ့ ဖြတ် (၄) ဖြတ် စစ်ဆင်ရေးတွေက အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) အတွက် ဖြစ်လာ သလားလို့ စဉ်းစားစရာပါ။ ပြည်သူ့ စွမ်းအားရှင်ဆိုတဲ့ လူရမ်းကားတွေနဲ့လည်း နိုင်ငံရေးလှုပ်ရှားသူတွေ၊ နိုင်ငံရေး အတိုက် အခံတွေကို ထိုးနှက်ရိုက်ပုတ်တာတွေ ဖြစ်လာပါတယ်။ နိုင်ငံရေးသဘောထားကွဲတာကို စေ့စပ်ညှိနှိုင်းရမယ့်အစား အပြတ်ချေမှုန်းရေး ဖြစ်လာခဲ့ပါတယ်။ နောက်ဆုံးတော့ ပြည်သူကို ကာကွယ်ရမယ့် တပ်မတော်က ပြည်သူကိုပဲ ရန်သူ ထင်နေတာမျိုး ဖြစ်လာ ခဲ့ပါတယ်။ နောက်ဆုံး မြို့တော်ကိုတောင် နေပြည်တော်ဆိုပြီး တောခေါင်ခေါင်နေရာ ရွှေ့ပစ် တာဟာလည်း အခုလို လုံခြုံရေးကို ကဲလွန်းတဲ့ အစွန်းရောက်အမြင်တွေကြောင့် ဖြစ်ပါတယ်။

ဒုတိယဝေဖန်စရာအချက်ကတော့ ခေတ်မီရေးအတွက်သာ ပြင်ဆင်နေတယ်။ အားနည်းချက်တွေကလည်း အပြည့် ဖြစ်နေ ပါတယ်။ စစ်တပ်က ပြည်ပရန်အတွက် မြေအောက်ဥမင်စစ်ဆင်ရေးအတွက်လည်း ပြင်ဆင် ထားခဲ့တယ်လို့ မောင်အောင် မျိုးက ဖော်ပြပါတယ်။ ဒါပေမယ့်နောက်ပိုင်း တရုတ်က အကြံပေးသူတွေက အခုအခါ

ဘန်ကာ ဘတ်စ်တာ (Bunker buster) လို့ခေါ်တဲ့ အဆင့်မြင့်ဖျက်အားပြင်း ဗုံးတွေပေါ်လာပြီ။ အလုပ်မဖြစ်နိုင်ဘူးလို့ အကြံပေးမှ ပြန်လို့ ရုပ်သိမ်းခဲ့တယ် ဆိုပါတယ်။ ဒ့ါအပြင် ကြည်း၊ ရေ၊ လေ ပူးတွဲ စစ်ရေးလေ့ကျင့်မှုတွေကို ၁၉၉၅-၉၇ လောက်မှာ အကြီးအကျယ် လုပ်ခဲ့တာ ကို ကျနော် တင်ပြခဲ့ပါတယ်။ ဒါတင်မက မော်ဘီနားက ထူးကြီး အခြေစိုက် စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် (စ-က-ခ) အမှတ် (၄) အောက် က တပ်ရင်း (၁၀) ရင်းကိုလည်း လေကြောင်းချီတပ်မသဖွယ် ဖွဲ့ထားခဲ့တယ်လို့ မောင်အောင်မျိုးက ဖော်ပြ ပါတယ်။ ဒါပေမယ့် နာဂစ်လေမုန်တိုင်း ကယ်ဆယ်ရေးကိစ္စတွေကို တုံ့ပြန်ရာမှာ ရဟတ်ယာဉ်ကအစ၊ တပ်မတော် အင်ဂျင် နီယာ၊ ဆေးတပ်၊ ကြည်း တပ်တွေအဆုံး ဘယ်လောက် အထနေးခဲ့တယ်ဆိုတာ တွေ့နိုင်ပါတယ်။

အဲသည်အချိန်က မြန်မာ့ရေပိုင်နက်မှာ ရောက်နေတဲ့ နိုင်ငံခြားကယ်ဆယ်ရေးစစ်သင်္ဘောတွေက ဝင်မယ်ဆိုရင် ကုန်းပေါ် ရောက်နေလောက်ပါပြီ။ ဒါပေမယ့် ရန်ကုန်ကနေ လပွတ္တာသွားတဲ့ မိုင် ၁၀၀ လောက်ခရီးကို ၉-နာရီ ကျော် ကားနဲ့သွား နေရတယ်ဆိုတဲ့ သယ်ယူပို့ဆောင်ရေး၊ လမ်းပန်းညံ့ဖျင်းတဲ့ အခြေအနေတွေကိုလည်း ကြား သိခဲ့ရပါတယ်။ အကယ်၍ ကျူးကျော်စစ်ဖြစ်လာရင်တောင် တပ်တွေဘယ်လိုရွှေ့မှာလဲဆိုတဲ့ မေးခွန်းရှိနေပါသေးတယ်။

တတိယအချက်ကတော့ ပြည်သူတွေအတွက် စဉ်းစားပုံ ဖြစ်ပါတယ်။ ထိုင်းနိုင်ငံမှာ စစ်သားတွေကို ၂-မျိုး ၂ စားခွဲခြား ထားတာ လေ့လာမိပါတယ်။ တမျိုးက စစ်သားအလုပ်လုပ်တဲ့ တိုက်ခိုက်ရေးစစ်သားဖြစ်ပြီး၊ နောက် တမျိုးကတော့ ဖွံ့ဖြိုးရေး စစ်သား ခေါ်တဲ့ လူထုဖွံ့ဖြိုးရေးလုပ်ငန်းတွေကို လုပ်တဲ့စစ်သားပါ။ ထိုင်းနိုင်ငံမှာ ဗိုလ်ချုပ် တယောက်က ဦးဆောင် ပြီး အင်အား ၂ သောင်းကျော်တောင် ဖွဲ့ထားတာကို တွေ့နိုင်ပါတယ်။ တရုတ်နိုင်ငံမှာ ပြီးခဲ့တဲ့နှစ် ငလျင်ဘေးမှာ လည်း ဒီလိုကပ်ဘေးတွေကို တုံ့ပြန်ဖို့ဖွဲ့ထားတဲ့ အထူးတပ်တွေကို တွေ့နိုင်ပါတယ်။ မြန်မာစစ်ဗိုလ်ချုပ်တွေကတော့ ဒီလိုကိစ္စ တွေကို စဉ်းစားမိမှာတောင် မဟုတ်ပါဘူးလို့ပဲ ကျနော်က ဝမ်းနည်းစွာ နဲ့တွေးနေမိပါတယ်။ ပြည်သူတွေကို ရန်သူထင်လို့ လုံးချာလည် ဇာတ်ရှုပ်နေတုန်းပါ။

စစ်ရေးအခြေခံ မူဝါဒကိစ္စတွေတော့ ဒီမျှနဲ့တော်ပါရစေ။ နောက်တပတ်မှာတော့ ဖွဲ့စည်းတည်ဆောက်ပုံ ကိစ္စတွေကို ဆက် လက်တင်ပြပါမယ်။ အားလုံးငြိမ်းချမ်း ပျော်ရွှင်နိုင်ကြပါစေ။

## မြန်မာ့တပ်မတော် တည်ဆောက်ခြင်း (၆)

မောင်အောင်မျိုးရေးသားတဲ့ မြန်မာ့တပ်မတော် တည်ဆောက်ခြင်းဆိုတဲ့ စာအုပ်ကို မိတ်ဆွေများ အတွက် စာ လက်ဆောင်ကဏ္ဍမှာ တင်ပြနေပါတယ်။ ဒီအပတ်မှာတော့ မြန်မာ့တပ်မတော်ရဲ့ ဖွဲ့စည်း ပုံတည်ဆောက်ထားပုံ ဆိုင်ရာသမိုင်းကို တင်ပြထားပါတယ်။

သောတရှင်မိတ်ဆွေများခင်ဗျား
ဒီကနေ့ မြန်မာ့တပ်မတော်ဟာ သီရိလင်္ကာနိုင်ငံမှာ ချုပ်ဆိုတဲ့ ကန္ဒီသဘောတူညီချက် စာချုပ်အပြီး၊ အရင် ဗြိတိသျှ လက်အောက်မှာ အမှုထမ်းခဲ့တဲ့ တိုင်းရင်းသားတပ်ရင်းတွေရယ်၊ ဗိုလ်ချုပ် အောင် ဆန်း ဦးဆောင်တဲ့ ယခင် ဘီအိုင်အေ၊ ဘီဒီအေ စတဲ့ မျိုးချစ်တပ်မတော်တပ်ဖွဲ့တွေကတဆင့် စတင် သန္ဓေတည်ခဲ့တဲ့ အကြောင်း ဖော်ပြခဲ့ပါတယ်။

စတင်ဖွဲ့စည်းစဉ်က သဘာဝမတူကွဲပြားတဲ့ တပ်တွေစုဖွဲ့ထားတဲ့အတွက်ကြောင့် ပြဿနာပေါင်းစုံနဲ့ ကြုံခဲ့ရပါတယ်။ လွတ်လပ် ရေးရပြီးခါစမှာ ရှိနေတဲ့ မြန်မာ့တပ်မတော်ကို ပြန်ကြည့်ရင် ပဋိပက္ခတွေကို ထင်ထင်ရှားရှား မြင်ခဲ့ကြရပါတယ်။ အရင် အင်္ဂလိပ်-ဂျပန်ကို သူပုန်ထလို့ လွတ်လပ်ရေးလှုပ်ရှားမှုထဲ ပါလာခဲ့ကြတဲ့ စစ်သား တွေက သူတို့ကိုယ်သူတို့ မျိုးချစ်စစ်သား တွေလို့မြင်ကြပါတယ်။ ဗြိတိသျှတပ်က ပေါင်းလာတဲ့ တပ်တွေကိုတော့ ကြေးစစ်စစ်သားတွေလို့ မြင်ကြပါတယ်။ ရဲဘော်ထု ကြားထဲတင်မဟုတ်ဘဲ ခေါင်းဆောင်မှုပိုင်းမှာလည်း အချို့အရာရှိတွေကို အနောက်လိုလား သူတွေ၊ ဗြိတိသျှ လိုလားသူတွေ၊ လက်ကျာသမားတွေလို့ မြင်ကြပါ တယ်။ တဖက်က ဗျူရိုကရေစီအုပ်ချုပ်ရေးမှာရှိတဲ့ အရာရှိတွေကလည်း အချို့မြန်မာ့ တပ်မှူး တွေကို ကွန်မြူနစ် အနွယ်ဝင်တွေ၊ လက်ဝဲအယူရှိသူတွေလို့ မြင်ကြပါတယ်။ အဲဒီအချိန်က မြန်မာ့တပ်မတော် ထိပ်ပိုင်း တပ်မှူးတွေ ကလည်း ကရင်လူမျိုး ဗိုလ်ချုပ်စမစ်ဒွန်း၊ ဒု-ဗိုလ်မှူးကြီးရှီးရှို၊ ဗိုလ်မှူးချုပ် စောကြာဒိုး စတဲ့သူတွေ ဖြစ်တဲ့ အတွက်ကြောင့် မြန်မာ့တပ်မတော်ကို ကရင်တွေလွှမ်းမိုးနေတယ်လို့ ခံစားချက် တွေရှိခဲ့ကြပါတယ်။ ဒီပဋိပက္ခ တွေက သိပ်မကြာ ခင်မှာပဲ ပွင့်ပွင့်လင်းလင်း ပေါက်ကွဲလာပါတော့တယ်။ မြန်မာ့တပ်မတော်ထဲက အချို့ သေနတ်ကိုင် ခြေလျင်တပ်ရင်းတွေက ကွန်မြူနစ်ပါတီဖက် တောခိုကြသလို၊ စစ်ရဲတပ်အချို့ အပါအဝင် ကရင်သေနတ်ကိုင်တပ်ရင်းတွေကလည်း နောက်ပိုင်းမှာ သူပုန်ထကြပါတယ်။ လွတ်လပ်ရေးရပြီး မကြာခင်မှာပဲ ပြည်တွင်းစစ်ကို အပြင်းအထန် ဆင်နွှဲခဲ့ရပါတယ်။

ကရင်လက်နက်ကိုင်တပ်တွေ ပုန်ကန်မှုအပြီးမှာတော့ စစ်တပ်က ကရင်တပ်မှူးကြီးတွေကိုလည်း အနားယူစေခဲ့ ပါတော့ တယ်။ သူပုန်ထတဲ့ကိစ္စတွေကိုလည်း တွန်းလှန်နိုင်ပြီး၊ အတော်အသင့်ထိန်းချုပ်မှု ရလာတဲ့အခါမှာတော့ တပ်မတော် အတွင်း မှာ ရာထူးနေရာခန့်ထားရေးကိစ္စတွေအတွက် ပွင့်ပွင့်လင်းလင်း တိုင်ပင်ခဲ့ကြတယ် ဆိုပါတယ်။ မတူကွဲပြားတဲ့ နောက်ခံ၊ လူမျိုး၊ ဌာန စသဖြင့်က လာကြသူတွေကို မျှတအောင်ရာထူးနေရာပေး ခန့် ထားရေးကိစ္စတွေကို ၁၉၅၀ ခု၊ တပ်မှူးညီလာခံကစလို့ ဆွေးနွေးလုပ်ဆောင်ခဲ့ကြတယ်လို့ ဆိုပါတယ်။ တနည်း ပြောရရင်တော့ တပ်ရာထူးခန့်ထားရေး ကိစ္စတွေမှာ အရပ်ဖက်၊ နိုင်ငံ ရေးဖက်က သြဇာသက်ရောက်လာမယ့် ကိစ္စတွေကို ဖယ်ရှားလိုက်ကြတာ ဖြစ်ပါတယ်။

နောက်ပိုင်းမှာ စစ်ရုံးချုပ်ဖွဲ့စည်းရေး ကိစ္စတွေကိုလည်း အလေးပေး လုပ်ဆောင်ခဲ့ကြပါတယ်။ အဲဒီညီလာခံကပဲ စစ်ရုံးချုပ် ကောင်စီ ဖွဲ့စည်းဖို့ အဆိုပြုချက်တခု တင်ပြခဲ့ပါတယ်။ အဲဒီအဆိုပြုချက်ကိုပဲ ၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့မှာ ကျင်းပတဲ့ ၁၆၂ ကြိမ်မြောက် ဝန်ကြီးအဖွဲ့အစည်းအဝေးမှာ အတည်ပြုပေးခဲ့ပါတယ်။ နောက်ပိုင်း ဦးဘဆွေ ကာကွယ်ရေး ဝန်ကြီး ဖြစ်လာတော့ စစ်ရုံးချုပ်က သူ့လက်သူ့ခြေ ပိုဖြစ်လာခဲ့ပါတယ်။ စစ်ရုံးချုပ်ဆိုတာ ကာကွယ်ရေးဝန်ကြီး ဌာန တခုလုံးကို ကိုယ်စားပြုနေရုံသာမက၊ စစ်ဖြစ်နေတဲ့အတွင်း ကာလ ဝန်ကြီးအဖွဲ့ သဖွယ်တောင် သြဇာထက်လာခဲ့ပါတယ်။

အဲဒီနောက်ပိုင်းမှာတော့ တပ်ထဲမှာ လူမျိုးရေး၊ အဖွဲ့အစည်း လာရာနောက်ခံ၊ နိုင်ငံရေး အမြင် မတူတဲ့ကိစ္စတွေ ကိုလည်း သေချာကိုင်တွယ်ခဲ့ပါတယ်။ စစ်မြေပြင်မှာ ပိုလို့ ပူးပေါင်းဆောင်ရွက်လာနိုင်ခဲ့တယ်။ ထောက်လှမ်းရေး နဲ့ တိုက်ခိုက်ရေး အရာရှိတွေကြားထဲ ရှိနေတဲ့ ပြဿနာတွေကိုလည်း စနစ်တကျ ဖြေရှင်းပေးခဲ့ကြတယ်။

တပ်မတော်ထိပ်ပိုင်း ခေါင်းဆောင် တွေ နေရာမှာလည်း မတူညီတဲ့ သင်တန်းတွေကဆင်းလာတဲ့ အရာရှိအုပ်စုတွေကို တတ်နိုင်သမျှ မျှတအောင် နေရာချ ပေးခဲ့တယ်လို့ မောင်အောင်မျိုးက ဖော်ပြပါတယ်။ ၁၉၆၀ ခုနှစ်များက စလို့ တပ်မတော်အတွင်းမှာ အုပ်စုကွဲပြား ပြဿနာ ဖြစ်ရတာတွေကိုလည်း အနည်းနဲ့အများ ဆိုသလို ရှင်းနိုင် ခဲ့တယ်လို့ ဆိုပါတယ်။ အုပ်စု ဂိုဏ်းဂဏ ပြဿနာတွေ မရှိဘူး တော့ မဟုတ်ပါဘူး။ ဒါတွေကိုလည်း စီမံနိုင်ခဲ့ ကြတယ်။ တခါတလေမှာ တန်ဖိုးကြီးကြီးပေး ရတဲ့အထိ ဖြစ်ရပေမယ့်၊ အဖွဲ့အစည်း သဘော၊ တပ်မတော်တခု လုံးရဲ့ ညီညွတ်မှုကို ထိန်းနိုင်ခဲ့တယ်လို့ မောင်အောင်မျိုးက ဆိုပါတယ်။

ဒီလို လုပ်ဆောင်ခဲ့တဲ့ နေရာမှာ ကိစ္စအများအပြား လုပ်ဆောင်ခဲ့ရပါတယ်။ ၁၉၆၀ ခုနှစ်များက စပြီး ရုံးတာဝန် နောက်တန်း မှာ နေရတဲ့ အရာရှိတွေနဲ့ စစ်မြေပြင်ဆင်းရတဲ့ အရာရှိတွေကြား ပြဿနာကို မူတခုချလို့ ရှင်းနိုင်ခဲ့ ပါတယ်။ ရှေ့တန်း မထွက်ဖူးတဲ့ အရာရှိဟာ ရာထူးကြီးကြီးတက်ဖို့ မဖြစ်နိုင်ဘူး ဖြစ်လာပါတယ်။ ဗိုလ်မှူးကြီး အဆင့်ထိတောင် မတက်နိုင် တော့ပါဘူး။ ဒ့ါအပြင် စစ်ဦးစီးတာဝန်ယူဖူးသူမှသာပဲ ရာထူးကြီးကြီးနေရာကို ရောက်ပါတယ်။ တပ်ရေး-တပ်ထောက် စသဖြင့်ဌာနတွေကဆိုရင် အဆင့်မြင့်ရာထူးတွေယူရတာ ရှားရှားပါးပါး လို့ ဆိုနိုင်ပါတယ်။ စစ်ရေးချုပ်၊ စစ်ထောက်ချုပ် စသဖြင့်နေရာတွေမှာလည်း တိုက်ခိုက်ရေးကတက်လာတဲ့ အရာရှိတွေနဲ့ အစားထိုးခဲ့ပါတယ်။

ဒုတိယအချက်ကတော့ စစ်တပ်ထဲမှာ နိုင်ငံခြားထောက်လှမ်းရေး၊ အစိုးရတွေက ထိုးဖောက်မှုကို အမြဲပဲ သတိ ကြီးကြီး ထား ကာကွယ်ခဲ့တယ်လို့ ဆိုပါတယ်။ ဖြတ်လာတဲ့ သမိုင်းတလျှောက်မှာ နိုင်ငံခြားမှာ စစ်သံမှူးတာဝန် ပေးပြီးမှ တပ်မတော်အတွင်း ရာထူးနေရာကြီးကြီး ပြန်ခန့်ထားခဲ့တာ ချွင်းချက်အနေနဲ့ ဗိုလ်ချုပ်ကြီးချစ်ဆွေနဲ့ ဗိုလ်မှူးကြီး ဝင်းဖော် ညွန့်ပဲ ရှိတယ်လို့ ဆိုပါတယ်။ ဗိုလ်ချုပ်ချစ်ဆွေက ဆိုဗီယက်ရုရှား စစ်သံမှူး၊ ဗမက ဝင်းဖော်ညွန့်က တိုကျိုစစ်သံမှူး ခန့်ခဲ့ပြီး၊ နောက်ပိုင်းမှာ တပ်မ-၇၇၊ ၉၉ တွေမှာ အသီးသီး နေရာပြန်ချထားခဲ့ ပါတယ်။ ပြောရရင် ဒီလိုနေရာပြန်မပေး ခံရတာဟာ နိုင်ငံခြားသြဇာကို စိုးရိမ်လို့ ကာကွယ်နိုင်အောင်ပဲ ဖြစ်ပါ လိမ့်မယ်။

တတိယအချက်ကတော့ တပ်မတော်အတွင်း အုပ်စုဖွဲ့မှုတွေကိုလည်း အထူးသတိထား နှိမ်နင်းခဲ့တယ်လို့ ဆိုပါတယ်။ အုပ်စု လိုက် ထုတ်ပစ်တာ၊ အနားယူစေတာလည်း အကြိမ်ကြိမ် ရှိခဲ့ပါတယ်။ ဒီလို ရှင်းလင်းပစ်ခဲ့တဲ့ အကြိမ်တွေကိုလည်း မောင်အောင်မျိုးက မှတ်တမ်းတင်ဖော်ပြခဲ့ပါတယ်။

နောက်တချက်ကတော့ ပြင်ပက၊ အထူးသဖြင့် ကွန်မြူနစ်တွေရဲ့ သြဇာဝင်လာမှာ စိုးရိမ်တဲ့အတွက် တပ် မတော်အတွင်း နိုင်ငံရေးအယူအဆသွတ်သင်းမှု လုပ်လာတဲ့နည်းအားဖြင့် ကာကွယ်ထားတယ်လို့ ဆိုပါတယ်။ မြန်မာ့တပ်မတော် ကိုယ်၌က ဖော်ပြထားတဲ့သမိုင်းအရ အဲဒီအယူအဆ ဖွံ့ဖြိုးလာပုံက ၈- ဆင့်ရှိတယ်ဆိုပါ တယ်။ အရင် အဆင့်နိမ့်တဲ့ ကာကွယ်ရေးတာဝန် သက်သက်ကနေ၊ ခေတ်ပြောင်းတော်လှန်ရေးတရပ်ကို ဦးဆောင်ဆင်နွှဲနေတဲ့ တပ်မတော်တခုအဖြစ် အယူဝါဒ သွတ်သွင်း ခဲ့ကြတာပါ။ ဒီအယူအဆကလည်း လက်ဝဲ ဖက်ယိမ်းပြီး၊ နောက်ပိုင်းမှာ တပ်မတော်ကလည်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဦးဆောင်မှုကို ခံယူတဲ့တပ် ဖြစ်လာခဲ့ရပါတယ်။

တချိန်က အင်အားချိနဲ့တဲ့၊ သေးငယ်တဲ့၊ မညီမညွတ်ရှိလှတဲ့ တပ်ဖွဲ့တခုကနေ နှိုင်းယှဉ်ချက် အရပြောရမယ် ဆိုရင် အင်အား အတန်ကြီးတဲ့၊ အတော်အတန်စည်းလုံးညီညွတ်မှု ရှိနေတဲ့၊ ဒီကနေ့ မြန်မာ့နိုင်ငံရေးမှာပါ လွှမ်းမိုးချယ်လှယ်နေတဲ့ မြန်မာ့ တပ်မတော် ဖြစ်ထွန်းလာပုံကို မောင်အောင်မျိုးက စာအုပ်နောက်တခန်းမှာ ဆွေးနွေးခဲ့တာ ဖြစ်ပါတယ်။ နောက် တပတ် မှာတော့ ဒီအက်စ်အေ-အိုတီအက်အက်စ် စတဲ့ အရာရှိ သင်တန်း ကွဲပြားပုံတွေအရ ဘယ်သူတွေက ပိုနေရာရ သလဲ၊ ထောက်လှမ်းရေးနဲ့ တိုက်ခိုက်ရေးတပ်တွေကြား အားပြိုင်မှု စတာတွေ ဆက်လက်တင်ပြပါမယ်။ အားလုံးငြိမ်းချမ်း ပျော်ရွှင် နိုင်ကြပါစေ။

## မြန်မာ့တပ်မတော် တည်ဆောက်ခြင်း (၇)

မောင်အောင်မျိုးရေးသားတဲ့ မြန်မာ့တပ်မတော် တည်ဆောက်ခြင်းဆိုတဲ့ စာအုပ်ကို မိတ်ဆွေများ အတွက် စာလက်ဆောင် ကဏ္ဍမှာ တင်ပြနေပါတယ်။ ဒီအပတ်မှာတော့ မြန်မာ့တပ်မတော်ရဲ့ ဖွဲ့စည်း ပုံ တည်ဆောက်ထားပုံ အကြောင်း ဆက်လက် တင်ပြထားပါတယ်။

သောတရှင်မိတ်ဆွေများခင်ဗျား
မြန်မာ့တပ်မတော်ကို အရာရှိတွေ နေရာပေးခန့်ထားပုံနဲ့ ပတ်သက်လို့ ဆက်လက်တင်ပြလိုပါတယ်။ (DSA) စစ်တက္ကသိုလ် က ဆင်းလာသူတွေကို ပိုလို့နေရာပေးခံရတယ်။ (OTS) အရာရှိဗိုလ်လောင်း သင်တန်းကျောင်းက ဆင်းလာသူတွေကို တော့ နှိမ်ခံရတယ် စသဖြင့် ပြင်ပမှာ ပြောနေတဲ့ အချက် တွေရှိပါတယ်။ ဒီလိုခွဲခြားကျင့် သုံးမှုတွေ မတွေ့ရကြောင်း မောင်အောင်မျိုးက စာအုပ်မှာ ဖော်ပြခဲ့ ပါတယ်။ ၁၉၈၈ ခုနှစ်၊ စစ်အာဏာသိမ်းချိန် နောက်ပိုင်းတက်လာတဲ့ စစ်အစိုးရမှာ အဲသလိုမတူတဲ့ စစ်သင်တန်းကျောင်း နောက်ခံတွေက ဆင်းလာတဲ့သူ တွေအပေါ်မှာ ညီညွတ်မှုကိုကြည့်ပြီး၊ အထူး မျှတအောင် ရာထူးနေရာခန့်ထားခဲ့တယ်၊ နောက်တချက်က စစ်မြေပြင်ရှေ့တန်းထွက်ရတဲ့ တပ်မှူးတွေနဲ့ ထောက်လှမ်းရေး တပ်တွေအကြားက ပဋိပက္ခတွေကိုလည်း အထူးသတိထား ဖြေရှင်းခဲ့တယ်လို့ မောင်အောင်မျိုးက ရေးခဲ့ပါတယ်။

ဒီလိုအချက်ကို အထောက်အထားတွေနဲ့ သူက တင်ပြခဲ့တာပါ။ အတိတ်က ၁၉၅၉-၆၀ ခုနှစ်မှာ စစ်တပ် အရာရှိ ၈၀၅ ဦးကို ခန့်ထားရာမှာ စစ်တက္ကသိုလ်က ပြီးလာတဲ့သူ ၆၅-ဦးသာ ပါတယ်လို့ ဆိုပါတယ်။ အချိုး အရပြောရမယ်ဆိုရင် ၁ အချိုး၊ ၁၁ ( ၈ % ပတ်ဝန်းကျင်) လို့ ပြောနိုင်ပါတယ်။ ၁၉၆၅ ခုနှစ်တိုင်လည်း အချိုးက အလားတူပဲ ရှိခဲ့တယ် ဆိုပါတယ်။ အလားတူ ပဲ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလကနေ ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလအထိ တပ်မတော်အဆင့်မြင့်ရာထူးတွေမှာ တာဝန်ပေး ခဲ့တာကို ပြန်ကြည့်ရင် အရာရှိကြီး ၁၆၄ ဦးမှာ၊ (ဒီအက်စ်အေ) က ၁၀၇ ဦး၊ (အိုတီအက်စ်) ဗိုလ်လောင်းသင်တန်းက ၄၅ ဦး၊ တေဇသင်တန်းက ၁၂ ဦး လို့ ဖော်ပြပါတယ်။ သူဆိုလိုတာက ရာထူးတာဝန်ပေးတဲ့နေရာမှာ ခွဲခြားမှု မရှိဘူး ဆိုလို တာပါပဲ။ ၁၉၈၈ ခုနှစ်၊ စစ်အာဏာသိမ်းတဲ့အချိန် (နဝတ) စစ်ကောင်စီထဲမှာ ခေါင်းဆောင်တဲ့သူတွေ ပြန်ကြည့်ရင်လည်း အဖွဲ့ဝင် ၁၉ ဦးမှာ (ဒီအက်စ်အေ) က ၃ ဦးသာ ပါဝင်ပါတယ်။ (နဝတ) ကနေ ၁၉၉၇ ခုနှစ်မှာ၊ (နအဖ) ပြန်လည်ဖွဲ့စည်းတဲ့ အခါမှာလည်း (နအဖ) စစ်ကောင်စီထဲမှာ (ဒီအက်စ်အေ) က ၅၀ ရာခိုင်နှုန်း၊ (အိုတီအက်စ်) ကျောင်းဆင်းက ၅၀ ရာခိုင်နှုန်း ဆတူ ပါဝင်တယ် လို့ သူက အထောက်အထားနဲ့ ဖော်ပြပါတယ်။

နောက်တခုကတော့ တိုက်ခိုက်ရေးတပ်တွေနဲ့ ထောက်လှမ်းရေးအဖွဲ့အကြား အကွဲအပြဲပြဿနာပါ။ ၁၉၉၂- နှောင်းပိုင်းနဲ့ ၁၉၉၃ ခုနှစ်မှာ မြန်မာ့တပ်မတော်ကို စောင့်ကြည့်လေ့လာခဲ့ကြတဲ့သူတွေက ဘယ်သူက ဒု-ကာကွယ်ရေး ဦးစီးချုပ်နဲ့ တပ်မတော် (ကြည်း) ဦးစီးချုပ် ဖြစ်လာလေမလဲလို့ စောင့်ကြည့်နေခဲ့ကြပါတယ်။

အဲဒီအချိန်က အာဏာထက်နေတဲ့ ထောက်လှမ်းရေးတပ် ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ပဲ ဝင်ရောက်နေရာယူမလားစတဲ့ ထင်ကြေးပေးမှုတွေ လည်း ရှိခဲ့ပါတယ်။ အဲဒီရာထူးနေရာမှာလည်း ၅-လ လောက် လစ်ဟာနေခဲ့ပါတယ်။ နောက်ဆုံးမှာတော့ ဗိုလ်ချုပ်ကြီး မောင်အေးကိုပဲ ဒု-ဦးစီးချုပ်နဲ့ ကြည်းတပ် ဦးစီးချုပ်တာဝန်ပေးခဲ့ပါတယ်။ တနည်းပြောရရင် ဦးစီးချုပ်ကို တိုက်ခိုက်ရေး တပ်တွေဖက်က လာတဲ့တပ်မှူးကို သာ နေရာပေးတဲ့ အစဉ်အလာတရပ်ကို ဆက်ထိန်းခဲ့တာလို့ မောင်အောင်မျိုးက ဖော်ပြပါတယ်။ ဒါပေမယ့် ဗိုလ်ချုပ်ကြီးခင်ညွန့်အတွက် တပ်မတော် မဟာဗျူဟာလေ့လာရေးဌာနမှူးကြီးဆိုပြီး နေရာ ဖန်တီးပေးခဲ့တာ တော့ ရှိခဲ့ပါတယ်။ အဲဒီအချိန်က မဟာဗျူဟာလေ့လာရေးဌာနမှူးကြီးတာဝန်က တပ်မတော်ထဲမှာ အဆင့်-၅ အကြီးဆုံးနေရာ ရှိခဲ့ပါတယ်။ နောက်ပိုင်းမှာ နယ်တွေက ထောက်လှမ်းရေးတပ်တွေက တပ်မတော်ထောက် လှမ်းရေးညွှန်ကြားရေးမှူးချုပ် ရုံးဆီကို တိုက်ရိုက် အစီရင်ခံရတဲ့အခါ စစ်ထောက်လှမ်းရေးက ပိုလို့ဩဇာကြီး လာပါတယ်။ အစဉ်အလာအရ ပိုလို့ ရာထူး တာဝန်မြင့်တဲ့ တိုင်းမှူးတွေကိုတောင် ကျော်လွှားလုပ်ဆောင်တာ မျိုးတွေ ရှိလာပါတယ်။ နောက်ဆုံး အောက်ခြေက တိုင်ကြားမှုတွေလည်း များလာတဲ့အခါ စစ်ထောက်လှမ်းရေး တဖွဲ့လုံးကို ဖျက်သိမ်းပစ်ရတာ မျိုးလည်း ဖြစ်ခဲ့ရပါတော့တယ်။ ယခင်အာဏာရှင်ဟောင်း ဦးနေဝင်းရဲ့ မြေး တွေက ကြံစည်တဲ့ မအောင်မြင်တဲ့ အာဏာ သိမ်းဖို့ ကြိုးစားမှုအပြီးမှာတော့ ဗိုလ်ချုပ်ခင်ညွန့်နဲ့ ထောက်လှမ်း ရေးတပ်ဖွဲ့ အတွက်လည်း နိဂုံးစလာခဲ့ပြီလို့ ဆိုပါတယ်။ ၂၀၀၄ ခုနှစ်၊ နှစ်ဆန်းပိုင်းမှာ ဗိုလ်ချုပ်ခင်ညွန့်ကို စစ် ထောက်လှမ်း ရေးတပ်ဖွဲ့ တပ်မှူးနေရာကနေ ရာထူးစွန့်ပေးဖို့ တပ်မတော် ခေါင်းဆောင်ပိုင်းက တောင်းဆိုခဲ့ကြ ပြီး၊ ၂၀၀၄ ခုနှစ်အကုန်မှာ နေရာစွန့်ပေးဖို့ သဘောတူခဲ့တယ်လို့ ဆိုပါ တယ်။ နောက်တချက်က အိမ်နီးချင်း ပြည်ပနိုင်ငံတွေနဲ့ လေ့လာသူတွေက ဗိုလ်ချုပ်ခင်ညွန့်ကို သဘောထား ပျော့ပြောင်း သူ၊ ပြုပြင်ပြောင်းလဲရေး လုပ်လိုတဲ့ သဘောထားရှိသူ၊ အမြင်ကျယ်သူ စသဖြင့် ပြောဆိုသုံးနှုန်းနေကြတာကို စစ်တပ် အတွင်း သဘောမတွေ့ကြတာဟာလည်း အချက်တခုအဖြစ် ပါတယ်လို့ မောင်အောင်မျိုးက ဖော်ပြခဲ့ပါတယ်။

နောက်ဆုံးတော့ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာမှာ ဗိုလ်ချုပ်ခင်ညွန့်ကိုယ်တိုင်ကို လက်ရှိဝန်ကြီးချုပ်တာဝန်နဲ့ ဖမ်းဆီး ထိန်းသိမ်း ခံရ တာ၊ စစ်ထောက်လှမ်းရေးတပ်ဖွဲ့တခုလုံးကို ဖြုတ်ပစ်တာ၊ ရာထူးထုတ်ပစ်တာ၊ တပ်မှူးတွေက ထောင်ချခံရ တဲ့ အထိ ဖြစ်ခဲ့ရတဲ့ ပဋိပက္ခတွေကိုလည်း မောင်အောင်မျိုးက ဖော်ပြခဲ့ပါတယ်။ ဒါပေမယ့် ဗိုလ်ချုပ်သန်းရွှေက ဗိုလ်ခင်ညွန့် အပေါ် အမျက်ထွက်ခဲ့ရတဲ့ကိစ္စကတော့ တပ်မတော်စစ်ဆေးရေးအရာရှိချုပ်ရုံးက လာဘ်စားတယ်ဆိုပြီး၊ တွေ့ရှိထားတဲ့ စစ်ထောက် လှမ်းရေး အရာရှိတွေကို ဆက်လက်အရေးယူဖို့ ပျက်ကွက်နေတာလို့ မောင်အောင်မျိုးက သုံးသပ်ဖော်ပြ ခဲ့ပါ တယ်။

အဲဒါအပြင် စစ်တပ်အတွင်းက အခြားထိန်းညှိ‡မှုဆိုင်ရာ ပြဿနာတွေကိုလည်း မောင်အောင်မျိုးက သုံးသပ် ဖော်ပြခဲ့ပါ သေးတယ်။ အထူးသဖြင့် ၁၉၈၈ ခုနှစ် အာဏာသိမ်းပြီး နောက်ပိုင်း အခြေအနေပါ။ အရင်တုန်းက တိုင်းမှူးတွေက (မဆလ) အစိုးရလက်ထက်မှာတုန်းက ပါတီဗဟိုကော်မီတီ ရာထူးတာဝန်လောက်သာရှိပါတယ်။ အာဏာသိမ်းအပြီး မှာတော့ အာဏာ သိမ်းစစ်ကောင်စီ အဖွဲ့ဝင် ၁၉-ဦးက နိုင်ငံတော်ရဲ့ ထိပ်တန်းက လုံးဝအာဏာကျင့်သုံးနိုင်သူတွေ ဖြစ်လာ ပါတော့တယ်။ တိုင်းမှူးတွေက ထင်တိုင်းကြဲ အာဏာပိုင်တွေဖြစ်လာ ပါတော့တယ်။ စစ်ရေး၊ နိုင်ငံရေး အာဏာတွေအပြင် စီးပွားရေး အာဏာပါ ထွားလာပါတော့တယ်။ (နဝတ) အာဏာသိမ်းပြီး အစောပိုင်းကာလမှာ ဝန်ကြီးဌာနတွေ ထိရောက်စွာ မလည်ပတ် နိုင်ဘဲ ရန်ကုန်လောက်မှာ သာ ရုံးလုပ်ငန်းသဘော လုပ်နေခဲ့ကြရပါတယ်။ တိုင်းမှူးတွေကပဲ နိုင်ငံပိုင် စက်ရုံ တွေ၊ ကုန်စုံ ဆိုင်တွေ ကြီးကြပ် လည်ပတ်နေခဲ့ကြရတယ်ဆိုပါတယ်။ နိုင်ငံအရင်းအမြစ်တွေကို သူတို့ထင်သလို၊ ကြိုက်တဲ့ နေရာ သုံးစွဲခဲ့ကြပါတယ်။ ဒီနေရာဟိုတယ်၊ ဟိုနေရာ နာရီစင် စသဖြင့် လက်ညှိုးညွှန်ရာ လုပ်ခွင့်ရနေခဲ့တယ် ဆိုပါတယ်။

ဒါပေမယ့် ၁၉၉၂ ခုနှစ် နောက်ပိုင်းမှာ ရန်ကုန်မှာ အာဏာကို ပြန်စုစည်းဖို့ ကြိုးပမ်းလာတဲ့အခါ တိုင်းမှူး ၁- ဦးကလွဲလို့ ကျန်တိုင်းမှူးအားလုံးကို ဝန်ကြီးဌာနတွေမှာ နေရာပေးခန့်ထားခဲ့ပါတယ်။ ဧရာဝတီတိုင်းမှူး ဗိုလ်ချုပ်မြင့်အောင်က စိုက်ပျိုးရေးဝန်ကြီးဖြစ်လာတဲ့အခါ သူ့တိုင်းက သူ့သဘောကျတဲ့အရာရှိတွေကိုလည်း ရန်ကုန်ကို ခေါ်လာခဲ့ပါတယ်။ အလားတူ အခြားတိုင်းမှူး အသီးသီးကလည်း ဝန်ကြီးဌာနတွေမှာ သူ့တပ်က အရာရှိတွေကို ခေါ်လာပြီး နေရာချထားခဲ့ ကြပါတယ်။ အဲဒီအချိန်က စိုက်ပျိုးရေးဝန်ကြီးဌာနကိုတောင် "အနောက်တောင်တိုင်း စစ်ဌာနချုပ် ဝန်ကြီးဌာန"၊ ကုန်သွယ် ရေး ဝန်ကြီး ဌာနကိုလည်း တိုင်းမှူးခေါ်လာတဲ့ လူတွေနဲ့ပတ်သက်ပြီး "အလယ်ပိုင်းတိုင်း ဝန်ကြီးဌာန" စသဖြင့် လှောင် ပြောင် ခေါ်ဝေါ်ခဲ့ ကြတယ်လို့ မောင် အောင်မျိုးက ရေးပါတယ်။ ဝန်ကြီးဌာနချင်း ပူးပေါင်းဆက်သွယ်မှု မရှိတဲ့အခါ ဝန်ကြီးဌာနကတွေက သူတို့ ဘာသာ ထင်သလို လည်ပတ်ကြပြန်ပါတယ်။ ဝန်ကြီးတွေကလည်း ကုမ္ပဏီကြီးတွေရဲ့ စီ-အီး-အို တွေလို ဆုံးဖြတ်လုပ်ကိုင် ခဲ့ကြပါတယ်။ သူတို့လက်သင့်ရာကို ကန်ထရိုက်တွေ ချပေးလို့ သူတို့အင်ပိုင်ယာကို တည် ဆောက်ခဲ့ကြတယ်လို့လည်း ဖတ်ခဲ့ရပါတယ်။ ဒီတိုင်းမှူးဝန်ကြီးတွေ ၅-နှစ်လောက် အကြာမှာတော့ သူတို့ အောက်ခြေ တပ်တွေနဲ့ အဆက်အသွယ် ပြတ်ခဲ့ကြပါပြီ။ လာဘ်စားမှုနဲ့ ကျော်စော နာမည်ပျက်တာတွေလည်း ကြားမကောင်းအောင် ဖြစ်လာတော့ ၁၉၉၇ ခုနှစ်မှာ၊ (နဝတ) ကနေ၊ (နအဖ) အဖြစ် ပြောင်းလဲဖွဲ့စည်းတဲ့ အချိန်မှာ အရေးယူ အနားပေးခဲ့ပါ တော့တယ်။

ပြောရရင်တော့ စစ်ဖက်-အရပ်ဖက် ဆက်ဆံရေးရှုပ်ထွေးလာတဲ့ အခြေအနေမှာ၊ စီမံခန့်ခွဲမှုလွဲချော်မှုတွေ အောက်မှာ တိုင်းပြည်နစ်နာဖွယ် ဖြစ်ခဲ့ရတယ်လို့ ဆိုရပါလိမ့်မယ်။ အရေးယူခဲ့တယ် ဆိုပေမယ့်လည်း၊ အခုတိုင်းမှူးတွေကို နစ်နာစေရ လောက်အောင်လုပ်တာ၊ ထောင်ချတာတွေ မရှိခဲ့ပါဘူး။ ဥပဒေအထက်မှာ ဘယ်သူမှ မရှိရဘူးဆို ပေမယ့် စစ်တပ်ကတော့ သူ့တို့ကိုယ်သူတို့ သက်သက်ညှာညှာပဲ ကြည့်ထားတဲ့ပုံ ရပါတယ်။

နောက်တပတ်မှာတော့ အခုကာလ စစ်တပ်ခေတ်မီရေး လုပ်ဆောင်နေပုံနဲ့ တပ်ဖွဲ့စည်းထားပုံအသစ် ကိစ္စတွေကို ဆက်လက် တင်ပြပါမယ်။ အားလုံးငြိမ်းချမ်း ပျော်ရွှင်နိုင်ကြပါစေ။

## မြန်မာ့တပ်မတော် တည်ဆောက်ခြင်း (၈)

မောင်အောင်မျိုးရေးသားတဲ့ မြန်မာ့တပ်မတော် တည်ဆောက်ခြင်းဆိုတဲ့ စာအုပ်ကို မိတ်ဆွေများ အတွက် စာ လက်ဆောင် ကဏ္ဍမှာ တင်ပြနေပါတယ်။ ဒီအပတ်မှာတော့ မြန်မာ့တပ်မတော် ခေတ်မီ ရေးအတွက် (နအဖ) စစ်အစိုးရလက်ထက်မှာ ပြုပြင်ပြောင်းလဲတည်ဆောက်ထားပုံ၊ ဖွဲ့စည်းပုံ တည်ဆောက်ပုံဆိုင်ရာ ကိစ္စတွေကို ဆက်လက်တင်ပြထားပါတယ်။

သောတရှင်မိတ်ဆွေများခင်ဗျား
မြန်မာ့တပ်မတော်က အင်အားတိုးချဲ့တည်ဆောက်နေပြီး၊ ခေတ်မီရေးအတွက် လုပ်ဆောင်နေပုံ တွေကို ဆက်လက် တင်ပြလိုပါတယ်။ ၁၉၄၇ ခုနှစ်၊ မြန်မာ့တပ်မတော် စတင်သန္ဓေတည် စဉ် ကာလမှာ စစ်တိုင်း (၂) ခု အောက်မှာ ခြေလျင် တပ်ရင်း ၁၅ ခုပဲ ရှိခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်မှာ ခြေလျင်တပ်ရင်း ၁၆၈ ရင်းရှိပြီး၊ စစ်သည် အင်အား

တစ်သိန်းရှစ်သောင်း လောက်သာ ရှိရာကနေ၊ ၂၀၀၀ ခုနှစ်မှာ ခြေလျင် တပ်ရင်း ၄၆၂ ခု၊ ၂၀၀၇ ခုနှစ်မှာတော့ ခြေလျင်တပ်ရင်း ၅၀၄ ခုနဲ့ တပ်မတော် စစ်သည်အင်အား ၆ သိန်းလောက် အထိ တိုးချဲ့ခဲ့တယ် လို့ မောင်အောင်မျိုးက ဖော်ပြပါတယ်။ စစ်တပ် အင်အားကို အဆမတန်တိုးချဲ့လာခဲ့တာကတော့ သိသာပါတယ်။ ဒါပေမယ့်လည်း အခုဖော်ပြတဲ့ စစ်သည်အင်အားက အငြင်းပွားဖွယ်ရှိတဲ့အကြောင်းလည်း မောင် အောင်မျိုးက သူ့စာအုပ်မှာ ဖော်ပြထားခဲ့ပါတယ်။ နိုင်ငံတကာ သတင်း မီဒီယာတွေကို ကိုးကားပြီး၊ ၂၀၀၆ ခုနှစ် နှောင်းပိုင်း တပ်မတော်က ပေါက်ကြား ထွက်လာခဲ့တဲ့ အစီရင်ခံစာတခုအရ တပ်မတော် (ကြည်း) မှာရှိနေတဲ့ တပ်ရင်း (၂၈၄) ခုဟာ လူအင်အား ၂၀၀ အောက်ထက် လျော့နည်းနေတယ်။ နောက်ထပ် တပ်ရင်း (၂၂၀) ခု ဟာလည်း လူအင်အား (၂၀၀) နဲ့ (၃၀၀) ကြားပဲ ရှိတာဆိုတာကိုလည်း ချိန်ဆနိုင်အောင် ဖော်ပြခဲ့ပါသေးတယ်။

မြန်မာ့တပ်မတော်မှာ အင်အားပြည့်ဆိုရင် ခြေလျင်တပ်ရင်းတခုဟာ (၇၇၇) ဦး ရှိရမယ်လို့ ၁၉၈၈ ခုနှစ်တုန်းက သတ်မှတ် ထားပါတယ်။ ဒါပေမယ့် ၁၉၉၀ ခုနှစ်များ အလယ်ပိုင်းမှာတော့ ပြောင်းလဲသတ်မှတ်မှုတွေ လုပ်ခဲ့ပြီး မြန်မာ့တပ်မတော် တပ်ရင်းတခုဟာ အင်အားပြည့်ဆိုရင် (၈၁၄) ဦး ရှိရမယ်လို့ တရားဝင်သတ်မှတ် ထားပါတယ်။ အခု ဖော်ပြချက်အရဆိုရင် မြန်မာ့တပ်မတော်ရဲ့တပ်ရင်း အများအပြားဟာ အခုလို စံသတ်မှတ်ချက် မပြည့်ဘဲ ဖွဲ့စည်းထားတာလို့ ဆိုနိုင်ပါတယ်။

မြန်မာ့တပ်မတော်ရဲ့ ထိပ်ပိုင်း ကွပ်ကဲမှုပုံစံတွေလည်း ပြောင်းလဲလာခဲ့တာ ရှိပါတယ်။ ယခင်ကာလက စစ်ရုံးချုပ်ကသာ တိုက်ရိုက်ကွပ်ကဲခဲ့ပေမယ့်၊ စစ်ဆင်ရေးတွေကို ပိုလို့ ထိရောက်စွာ စီမံခန့်ခွဲနိုင်အောင်ဆိုပြီး ၁၉၇၈ ခုနှစ်မှာ အထူး စစ်ဆင် ရေးကွပ်ကဲမှုဌာန (ကစထ) (BSO) ၂-ခုကို ဖွဲ့စည်းခဲ့ပါတယ်။ တိုင်းစစ်ဌာနချုပ်နဲ့ တပ်မတွေကို ကြီးကြပ်နိုင်အောင် ဖွဲ့စည်း ခဲ့တာပါ။ ၂၀၀၂- ခုနှစ်မှာတော့ အထူးစစ်ဆင်ရေးကွပ်ကဲမှုဌာန (BSO) ၄ ခု ဖြစ်လာပါတယ်။ အခု ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ မှာတော့ အထူးစစ်ဆင်ရေးကွပ်ကဲမှုဌာန (ကစထ) တွေကို ၆ ခုအထိ တိုးချဲ့ ဖွဲ့စည်းထားပါတယ်။

နောက်ထပ်ထူးခြားချက်တခုက တပ်မတော်ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း-ရေ-လေ) ဆိုပြီး ကြည်း-ရေ-လေ တပ်တွေကို ပူးပေါင်းဆောင်ရွက်ကွပ်ကဲနိုင်ဖို့ ဗိုလ်ချုပ်ကြီးရွှေမန်းကို ရာထူးအသစ် တီထွင်ခန့်အပ်ခဲ့တာပဲ ဖြစ်ပါ တယ်။ အခြားထိပ်ပိုင်း ဖွဲ့စည်းပုံ ပြင်ဆင်မှုတွေလည်း ရှိပါသေးတယ်။ မောင်အောင်မျိုးက သူ့ရဲ့စာအုပ် အဖွင့် ပိုင်းမှာ ကြည်းတပ်တခုရဲ့ သဘော သဘာဝ၊ တာဝန်ကို ဖော်ပြခဲ့ပါတယ်။ တပ်မတော်တခုဟာ အလျင်အမြန် အင်အားချဲ့ထွင်နိုင်မှု၊ လူများများ သေစေနိုင်တဲ့ စွမ်းအား၊ လျှင်မြန်မှု၊ သတင်းရယူ စုဆောင်းနိုင်မှု စတဲ့ အရည် အချင်းတွေ ရှိရမယ်လို့ ဆိုပါတယ်။ အဲဒါတွေသာမက အခု ခေတ်သစ် နည်းပညာထွန်းကားလာတဲ့ခေတ်မှာ အခြားလက်နက်ပစ်အား၊ ဖုံးကွယ်မှု၊ ပုံဖျက်မှု၊ စုပေါင်း ဖွဲ့စည်း စွမ်းဆောင်မှု စတဲ့အချက်တွေကလည်း အရေးကြီးလာခဲ့ပါတယ်။

ကြည်းတပ်အင်အားတိုးချဲ့တာ သာမက လေတပ်၊ ရေတပ်ရဲ့ အရေးပါပုံကိုလည်း သတိပြုမိတယ်လို့ ဆိုပါတယ်။ လေတပ်၊ ရေတပ်ကိုလည်း တိုးချဲ့မှုတွေ လုပ်ခဲ့ပါတယ်။ ၁၉၄၇ ခုနှစ်မှာတုန်းက တပ်မတော် (ရေ) မှာ ရတနာပုံ၊ ရခိုင်၊ မော်လမြိုင်၊ ပုသိမ်၊ မန္တလေး ရေတပ်စခန်းတွေ ရှိခဲ့ပြီး၊ အင်အားက ၂,၀၀၀ လောက်သာပဲ ရှိခဲ့ပါ တယ်။ ၁၉၇၈ ခုနှစ်လောက်အထိ ဗျူဟာ စစ်ရေ ယာဉ်စု တခုနဲ့ အင်အား ၉၀၀၀ လောက်ပဲ ရှိခဲ့ပါတယ်။ ၁၉၉၀ ခုနှစ်များ နောက်ပိုင်းမှာတော့ တရုတ်နိုင်ငံက ရေတပ်သင်္ဘော တွေ ဝယ်ယူအားဖြည့်ပြီး၊ ဗျူဟာစစ်ရေယာဉ်စု ၂-စုနဲ့ အခြားတပ်များ အပါအဝင် အင်အား ၂၂,၀၀၀ လောက် ရှိလာတယ်လို့ ခန့်မှန်း ဖော်ပြကြပါတယ်။ ရေငုတ်သင်္ဘောတွေ ရဖို့ မြန်မာ့တပ်မတော်က ကြိုးစားနေတယ် လို့လည်း အချို့လေ့လာသူတွေက ဆိုကြပါတယ်။

လေတပ်ကိုလည်း ၁၉၈၈ ခုနှစ်နောက်ပိုင်း စစ်အာဏာသိမ်းပြီးချိန်မှာ အထူးအင်အားဖြည့် တိုးချဲ့လာခဲ့ပါတယ်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းစဉ်က လေယာဉ်အနည်းငယ်နဲ့ အင်အား ရာဂဏန်းလောက်ပဲ ရှိခဲ့ပါတယ်။ ၁၉၇၄ ခုနှစ်က စပြီး တိုက်လေယာဉ် အုပ်စု ၆-ခု၊ အမှတ် ၅၀၁၊ ၅၀၂၊ ၅၀၃ လေတပ်စခန်းဌာနချုပ်နဲ့ အမောင်းသင်ကျောင်း တွေမှာ စစ်သည်အင်အား ၉,၀၀၀ မျှ ရှိခဲ့ပါတယ်။ ၁၉၉၀ ခုနှစ် နောက်ပိုင်းမှာတော့ နမ့်ဆမ်လေတပ်စခန်း ဌာန ချုပ်၊ တောင်ငူလေတပ်စခန်း ဌာနချုပ်တွေကို အသစ် ထပ်ဖွင့်ခဲ့ပါတယ်။ ယခုကာလမှာ မြိတ်နဲ့ မကွေးမှာလည်း လေတပ်စခန်းဌာနချုပ်တွေ ထပ်ဖွင့်ခဲ့တယ်လို့ ဆိုပါ တယ်။ ဟုမ္မလင်းနဲ့ ပုသိမ်မှာလည်း လေတပ်စခန်းဌာနချုပ် တွေ ထပ်ဖွင့်ခဲ့ကြပြီး၊ လေတပ်မှာ အင်အား ခန့်မှန်း ၂၃,၀၀၀ လောက် ရှိတယ်လို့ အချို့လေ့လာသူတွေက ပြောကြတာကို လည်း မောင်အောင်မျိုးက ဖော်ပြခဲ့ပါတယ်။ နိုင်ငံတကာက ခေတ်မီ ဂျက်တိုက်လေယာဉ်တွေကို တန်ဖိုးကြီးကြီးပေးလို့ ဝယ်ယူတပ်ဆင်ခဲ့ကြတာပါ။

ဒါတင်မက အခြားခေတ်မီရေးနဲ့ အင်အားဖြည့်တင်းမှု လုပ်ခဲ့တာလည်း ရှိပါသေးတယ်။ ၁၉၈၈ ခုနှစ်ကာလ လောက်က လက်နက်ကြီးအမြောက်တပ်ရင်း ၃ ခုလောက်သာ ရှိရာကနေ၊ ယခုအချိန်မှာတော့ လက်နက်ကြီး အမြောက်တပ်ရင်း ၉၀ လောက် ဖွဲ့စည်းထားတယ်လို့ လေ့လာချက်တွေအရ ဆိုပါတယ်။ လေယာဉ်ပစ် အမြောက်၊ ဒုံးပစ်တပ်ဖွဲ့၊ ပစ်မှတ်ရှာတပ်ဖွဲ့ စသဖြင့်တွေလည်း ပါဝင်ပါတယ်။ အရင် (မဆလ) အစိုးရကာလက သံချပ်ကာနဲ့ တင့်ကားတပ်ဆိုတာ အဖြစ်လောက် ဖွဲ့ထားခဲ့ရာကနေ၊ သက္ကရာဇ် ၂၀၀၀ မှတော့ သံချပ်ကာ တပ်ရင်း ၅-ခု၊ တင့်ကားတပ်ရင်း ၅- ခုရှိနေပြီ ဖြစ်ပါတယ်။ အဲဒါ တွေကို အမှတ် ၇၁- သံချပ်ကာတပ်မအောက် မှာ ဖွဲ့ခဲ့တာပါ။ အခုအချိန်မှာတော့ သံချပ်ကာတပ်မ ၅-ခု ရှိနေပြီလို့ ဆိုပါ တယ်။ ဒါတင်မက လေကြောင်းရန် ကာကွယ်ရေး တပ်ရင်းတွေကို တပ်မ ၃-ခုစာ စုဖွဲ့ထားတယ်လို့လည်း ဆိုပါတယ်။ ဒီတပ်တွေကို လေကြောင်း ရန်ကာကွယ်ရေးဗိုလ်ချုပ်တယောက် ဦးစီးမှုထားပြီး စုဖွဲ့စေခဲ့တာပါ။

ဒီလိုလက်နက်၊ လေယာဉ်တွေကို ဘယ်လိုပြည်ပရန်ကြောင့် အပြင်းအထန် တပ်ဆင်နေကြတာလဲ၊ မြန်မာ့တပ်မတော် ကရော ဘယ်လောက် အစွမ်းထက်ခဲ့သလဲ၊ ဘယ်လောက်အထိ တိုင်းပြည်က ကုန်ကျခံခဲ့ကြရသလဲ စတဲ့ အချက်တွေကို နောက် အပတ်မှာ ဆက်လက်တင်ပြပါမယ်။ အားလုံးငြိမ်းချမ်း ပျော်ရွှင်နိုင်ကြပါစေ။

## မြန်မာ့တပ်မတော် တည်ဆောက်ခြင်း (၉)

မောင်အောင်မျိုးရေးသားတဲ့ မြန်မာ့တပ်မတော် တည်ဆောက်ခြင်းဆိုတဲ့ စာအုပ်ကို မိတ်ဆွေ များအတွက် စာ လက်ဆောင် ကဏ္ဍမှာ တင်ပြနေပါတယ်။ ဒီအပတ်မှာတော့ မြန်မာ့တပ်မတော် ခေတ်မီရေးအတွက် (နအဖ) စစ်အစိုးရက လုပ်ဆောင် လာခဲ့တာ ဘယ်လောက်ထိရောက်ခဲ့သလဲ၊ ဘယ်လိုအကြောင်းကြောင့် ဒီလိုဆောင် ရွက်နေရတာလဲ။ တိုးတက်လာတဲ့ ကာကွယ်ရေး အသုံး စရိတ် ကိစ္စတွေအတွက် ဘယ်လိုဘဏ္ဍာ ဖြည့်တင်းနေသလဲ ဆိုတာတွေကို ဆက်လက် တင်ပြ ထားပါတယ်။

သောတရှင်မိတ်ဆွေများခင်ဗျား
အခုတလော သတင်းတွေမှာ မြန်မာစစ်အစိုးရနဲ့ အာဏာရှင်နိုင်ငံတခုဖြစ်တဲ့ မြောက်ကိုရီးယားတို့ ပိုလို့နီးကပ်စွာ ဆက်ဆံမှု တွေ ရှိလာကြောင်း

သတင်းတွေဆက်တိုက်ဆိုသလို ကြားနေရသလို၊ နေပြည်တော်နဲ့ အနီးတဝိုက် ရှမ်းပြည်နယ်ထဲမှာ လည်း စစ်အစိုးရက ဥမင်လှိုင်ခေါင်းတွေတူးနေတယ်ဆိုတဲ့ သတင်းတွေ ထွက်ပေါ် လာခဲ့ပါတယ်။ မြန်မာ့ တပ်မတော်မှာ ဘယ်လို ခြိမ်းခြောက်မှုအန္တရာယ်တွေ ကြုံတွေ့နေရသလဲ။ ဘယ်လို ပြည်ပရန် ကျူးကျော်လာမယ့်အရေးကို ရင်ဆိုင်နေရ သလဲဆိုတာ စိတ်ဝင်စားစရာပါ။

၁၉၈၈ ခုနှစ်မှာ စစ်အာဏာသိမ်းပြီး အာဏာ ရယူလာတဲ့ စစ်အစိုးရအဖို့ ၁၉၈၈ လူထုအုံကြွမှုက သူတို့အပေါ် အများကြီး ဩဇာ သက်ရောက်မှုရှိနေနိုင်ပါ တယ်။ အဲသည်အချိန်က အစိုးရရုံးတွေကို ဆန္ဒပြသူတွေက သိမ်းပိုက်ထားကြတာ ရှိခဲ့ သလို၊ အမေရိကန် ရေတပ်က အဲသည်ကာလမှာ မြန်မာရေပိုင်နက်ကို ကျူးကျော်ဝင်လာ ခဲ့တယ် ဆိုတာကိုလည်း စစ်အစိုးရက သတင်းစာ ရှင်းလင်းပွဲတွေမှာ အကြိမ်ကြိမ်ပြောခဲ့ပါတယ်။ ကျနော်တဲ့ မြန်မာပြည်သူတွေအတွက် ပြည်ပကျူး ကျော်မှုဆိုတာ မဖြစ်နိုင်ပါဘူးလို့ မယုံကြည်လောက်ပေမယ့်၊ စစ်အစိုးရ ထိပ်သီး ဗိုလ်ချုပ်ကြီးတွေအတွက်တော့ အမှန် တကယ် စိုးရိမ်မှု ရှိနေကောင်း ရှိနေနိုင်ပါတယ်။ ဒါ့ကြောင့်ပဲ နိုင်ငံရဲ့မြို့တော်ကို ပင်လယ်ဆိပ်ကမ်း နဲ့ဝေးရာ ပျဉ်းမနား အနီး ကို ပြောင်းရွှေ့ ပစ်ခဲ့သလို၊ ရခိုင်ပြည် နယ်က အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုလည်း ပိုလို့ ကုန်းတွင်း ကျရာနေရာကို ပြောင်းရွှေ့စေ ခဲ့ ပါတယ်။ စစ်တပ်ရဲ့ စဉ်းစားပုံက ဌာနချုပ်လုပ်ထားတဲ့နေရာကို သိမ်းပိုက်လို့ မရမချင်း စစ်ပွဲမပြီးဆုံး သေးဘူးလို့ ယူဆ ထားတယ်လို့ မောင်အောင်မျိုးက ဖော်ပြပါတယ်။ စစ်ဌာနချုပ်အသစ်လုပ်ထားတဲ့ နေရာကို ဒုံးပျံနဲ့ တိုက်ခိုက် တာဖြစ်ဖြစ်၊ ခေါင်းဖြတ်ပစ်လိုက်ဖို့ ကြိုးစားတဲ့ စစ်ဆင် မှုမျိုးနဲ့ ချက်ချင်းဇာတ်မသိမ်းရလေအောင် နေပြည်တော် ကို ရွေးခဲ့တယ်လို့ သုံးသပ်ထားပါတယ်။ နိုင်ငံခြားတပ်တွေက ကမ်းတက်လာပြီးတော့ပဲဖြစ်ဖြစ်၊ ကယားပြည်နယ်ဖက်က ကျူးကျော်လို့ပဲ ဖြစ်ဖြစ် ဝင်လာရင် မြန်မာပြည် အထက်ပိုင်းနဲ့ အောက်ပိုင်းကို ဖြတ်ပစ်လို့ မဖြစ်နိုင်အောင် သူက အလယ်မှာဌာနချုပ် ထိုင်ထားတယ် ဆိုပါတယ်။ အချိန်နဲ့ နေရာကို အလဲအလှယ်လုပ်ပြီး ရေရှည်ပြည်သူ့စစ်ပွဲဆင်ဖို့ ရည်ရွယ်ပြင်ဆင်ခဲ့တယ်လို့ ဆိုပါတယ်။

ဒီအတွက် တဖက်မှာ ထိုးစစ်စွမ်းရည်မြှင့်နိုင်ဖို့ လက်နက်ကြီး၊ တင့်ကား၊ အခြား လက်နက်အမျိုးမျိုးဝယ်ယူ တပ်ဆင် ခဲ့သလို၊ တပ်အင်အားလည်း တိုးချဲ့ထားခဲ့ပါတယ်။ လေကြောင်းစိုးမိုးမှု ရစေဖို့လည်း တိုက်လေယာဉ် အသစ်တွေ၊ လေကြောင်းရန် ကာကွယ်ရေး စနစ်၊ ထောက်လှမ်းရေးစနစ်၊ ရေဒါတွေ အလုံးအရင်းနဲ့ ဝယ်ယူ တပ်ဆင်ထားခဲ့ပါတယ်။ အထူးသဖြင့် ၁၉၈၈ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်းမှ ဝယ်ယူတပ်ဆင်ခဲ့တာ ဖြစ်သလို၊ နောက်ထပ်လည်း ဆက်လက်ပြီး လက်နက် အသစ် အဆန်းတွေ ရှာဖွေနေဆဲလို့ ဆိုပါတယ်။ ဆိုင်ဘာ စစ်ဆင်ရေးလို့ခေါ်တဲ့ အဆင့်မြင့် သတင်းဆက်သွယ်ရေး နည်းပညာ ဖက်ကိုလည်း အာရုံထား လုပ်ဆောင်နေတာတွေ ရှိပါသေးတယ်။ ခြေလျင်တပ်ရင်း ၅၀၄ ခုအပါအဝင် စစ်တပ် တပ်ဖွဲ့ပေါင်း ၁၃၀၀ ကျော်ကိုလည်း နိုင်ငံရဲ့ နေရာ အနှံ့အပြားမှာ ဖြန့်ကျက်ချထားစေခဲ့ပါတယ်။ ဒီလို တိုးချဲ့နေတဲ့ အလားအလာကလည်း လာမယ့် အနာဂတ် ကာလမှာ လျော့သွားဖို့ မရှိဘူး။ ဆက်လက်တိုးချဲ့နေဖို့ တောင် ရှိတယ်လို့ မောင်အောင်မျိုးက သုံးသပ် ဖော်ပြထားပါတယ်။

ဒီလို စစ်ရေးကုန်ကျစားရိတ်တွေကို ဘယ်လိုဖြေရှင်းနေကြတာလဲ။ လက်နက် အသစ်အဆန်းတွေကို ဘယ်က ဘဏ္ဍာငွေနဲ့ ဝယ်ယူနေကြတာလဲဆိုတာကတော့ စိတ်ဝင်စားစရာပါ။ မြန်မာစစ်အစိုးရရဲ့ တရားဝင်ဖော်ပြထားတဲ့ စာရင်းဇယားတွေက တွက်ချက်ဖို့ဆိုတာလည်း အတော်ခက်လှပါတယ်။ တရားဝင်ဖော်ပြတဲ့ ကာကွယ်ရေး အသုံးစားရိတ်ကို လျှော့ပေါ့ ဖော်ပြ ထားလေ့ရှိပါတယ်။ ဒုတိယအချက်ကတော့ အခြားဝန်ကြီး ဌာနတွေက ထောက်ပံ့ငွေ တွေကနေ စစ်တပ်ကို အကြီး အကျယ် ထောက်ပံ့နေတယ်လို့လည်း မောင်အောင်မျိုးက ဆိုပါ တယ်။ ဥပမာ- စွမ်းအင်ဝန်ကြီးဌာနကနေ ဈေးချိုချိုနဲ့ စစ်တပ်က လောင်စာဆီတွေ သုံးနိုင်ပါတယ်။ အလားတူ ပြည်သူ့စစ် တွေကို လေ့ကျင့်သင်တန်းပေးတဲ့ကိစ္စကို ပြည်ထဲရေး ဝန်ကြီးဌာန၊ အခြားလူမှုဖူလုံရေး ကိစ္စတွေကို အခြား အရပ်ဖက်ဝန်ကြီးဌာနတွေက ကျခံရတာရှိပါတယ်။ တတိယအချက် ကတော့ နိုင်ငံခြားငွေ တွေကို တဒေါ်လာ ၆ ကျပ်နှုန်းနဲ့ တွက်ချက်ဖော်ပြတာလည်းရှိတတ်ပါတယ်။ စတုတ္ထအချက်ကတော့ နိုင်ငံခြားကို ပေး စရာရှိတဲ့ငွေတွေကို စစ်တပ်ပိုင်စီးပွားရေးလုပ်ငန်းတွေက ပေးချေစေတာ၊ တခါတလေ ကုန်ချင်းဖလှယ်တဲ့ ဘာတာစနစ်နဲ့ လဲလှယ်စေတာကြောင့် အတိအကျတွက်ချက်ဖို့ ခက်လှတယ်လို့ ဆိုပါတယ်။ ဒါပေမယ့် အခု ကာလ အလုံးအရင်းနဲ့ တင့်ကား၊ လေယာဉ်၊ သင်္ဘော၊ လက်နက်တွေကို ဝယ်ယူဖြည့်တင်းနေတာက တိုင်းပြည်ဘဏ္ဍာကို ဘယ်လောက်နစ်နာ ဆုံးရှုံးစေ မယ်ဆိုတာ သိသာပါတယ်။ စစ်အစိုးရရဲ့ တရားဝင်ကိန်းဂဏန်းကို အခြေခံ တွက်ချက်ပြခဲ့ ရာမှာ စစ်လက်နက် ဒေါ်လာ သန်းထောင်ချီပြီး ဝယ်ယူခဲ့တဲ့ ၁၉၉၀ ခုနှစ်များမှာတောင် စစ်အသုံးစရိတ်ဟာ ဂျီဒီပီရဲ့ ၄ % မကျော်ဘဲ ရှိနေခဲ့တယ်လို့ မောင်အောင်မျိုးက ဖော်ပြပြီး၊ အခု ကာကွယ်ရေး ပစ္စည်းတွေ ဝယ်ယူနေတာဟာ တိုင်းပြည် တရားဝင် ဘတ်ဂျက်ရဲ့ ပြင်ပမှာ ဖြစ်နေတာလို့ တွက်ချက်ပြခဲ့ပါတယ်။ အလားတူ တရုတ်၊ ရုရှား၊ မြောက်ကိုရီးယားနိုင်ငံက ဝယ်ယူတဲ့ပစ္စည်းတွေဆိုရင် ကျွန်းသစ်၊ ဆန် စသဖြင့်နဲ့ ပေးချေရတဲ့ ကိစ္စတွေကိုလည်း ဖော်ပြခဲ့ပါတယ်။

ဒါတွေသာမက နယ်အသီးသီးမှာ တပ်စခန်းတွေ တိုးချဲ့ချထားတဲ့အတွက် မြေသိမ်းခံရတာ၊ စိုက်ခင်းတွေ သိမ်းခံ ရတာ၊ ဒေသရဲ့ စီးပွားရေးလုပ်ငန်းတွေမှာ စွက်ဖက်လာလို့ ပြည်သူတွေနစ်နာ ဆုံးရှုံးရတာတွေလည်း ရှိပါသေးတယ်။ ဒါတွေကို တော့ ထည့်သွင်း တွက်ချက်ထားတာ မတွေ့ရပါဘူး။

ဒါပေမယ့်လည်း တပ်မတော်ထဲမှာ အားနည်းချက်တွေက သူ့ပင်ကိုယ် ကိုယ်၌သာ အများအပြား ရှိနေသေးကြောင်း ဖော်ပြခဲ့ပါ သေးတယ်။ အရှေ့ တောင် အာရှဒေသမှာ ဗီယက်နမ်ပြီးရင် ဒုတိယအကြီးဆုံး စစ်တပ်တခု ဖြစ်လာတယ် ဆိုပေမယ့်လည်း၊ ပြောရရင် မြန်မာ့တပ်မတော်က ခြေလျင်တပ်သာသာပဲ ရှိပါသေးတယ်။ ယန္တယားတပ်ဆင်ထားတဲ့ ခေတ်မီတပ်တခု မဖြစ်လာသေးပါဘူး။ နေရာရွှေ့ပြောင်း လှုပ်ရှားရေးမှာလည်း အကန့်အသတ်အများကြီးရှိနေပါသေးတယ်။ ဒီ ထက်ပိုလို့ အရေးကြီးတာက ရိက္ခာထောက်ပံ့ရေးနဲ့ စစ်သား တွေရဲ့ စိတ်ဓါတ်အခြေအနေပဲ ဖြစ်ပါတယ်။ အစီရင်ခံစာ တခုကို ကိုးကားပြီး ၂၀၀၆ ခု၊ မေလနဲ့ ဩဂုတ်လ အတွင်း မြန်မာ့တပ်မတော်က တပ်ပြေး ၉၄၉၇ ဦး ရှိခဲ့တယ် ဆိုပါတယ်။

အချို့လေ့လာချက်တွေအရ ဆိုရင် မြန်မာ့တပ်မတော်မှာ တပ်ပြေးတွေက တလတလကို ပျမ်းမျှ ၁၆၀၀ လောက် ရှိနေ တယ်။ ကိုယ်ကာလ ကြံ့ခိုင်ရေးအပိုင်းမှာလည်း ပြဿနာတွေရှိနေတယ်။ ၂၀၀၆ ခု စာရင်းအရ အိပ်ချ်အိုင်ဗီပိုးရှိသူ ၁၃၀၀၀ ကျော်၊ အသည်းရောင်-ဘီပိုးရှိသူ ၂၀၀၀ ကျော်ရှိနေတယ်။ စည်းကမ်း လိုက်နာမှု အပိုင်းမှာလည်း ပြဿနာတွေနဲ့၊ အစီရင်ခံစာတွေ လိမ်တင်နေကြသလို၊ ခြစားမှုတွေကလည်း ဒုနဲ့ ဒေးလို့ ဆိုပါတယ်။ ဒါတွေကို စနစ်တကျ စစ်ဆေးမှုတွေလည်း လျော့နည်းနေ တယ်လို့ ဖတ်ခဲ့ရပါတယ်။

သူများနိုင်ငံက အာဏာရှင်စနစ်တွေကတော့ မာဖီးယားလို အညွှန့်ကို ရှုးခပ် ခေါင်းပုံဖြတ်တယ်။ မြန်မာပြည်က စစ် အာဏာရှင် တွေကတော့ ဘီလူးသဘက်လို အားလုံးကို ဝါးမြိုဖို့ကြိုးစားတယ်လို့ စီးပွားရေးပညာရှင် တယောက်ရဲ့ စာတန်းမှာ ဖတ်ခဲ့ရပါ တယ်။ အဲသလို အားလုံးကိုစားသောက်ပြီး ကြီးထွားနေတဲ့ စစ်တပ်ကြီးက ခါချဉ်ကောင် မာန်ကြီးလို့ ခါးမသန် ဖြစ်နေရတာ ကိုလည်း အားလုံးတွေမြင်နေကြရပါတယ်။ နောက်တပတ်မှာတော့ စစ်တပ်က ပါဝင်ပတ်သက်နေတဲ့၊ လက်ဝါးကြီးအုပ် လုပ် ကိုင်နေတဲ့ စီးပွားရေးလုပ်ငန်း ကိစ္စတွေကို ဆက်လက်တင်ပြပါမယ်။ အားလုံးငြိမ်းချမ်း ပျော်ရွှင်နိုင် ကြပါစေ။

# မြန်မာ့တပ်မတော် တည်ဆောက်ခြင်း (၁၀) (နောက်ဆုံးပိုင်း)




မောင်အောင်မျိုးရေးသားတဲ့ မြန်မာ့တပ်မတော် တည်ဆောက်ခြင်းဆိုတဲ့ စာအုပ်ကို မိတ်ဆွေများအတွက် စာ လက်ဆောင် ကဏ္ဍမှာ တင်ပြနေပါတယ်။ ဒီအပတ်မှာတော့ မြန်မာ့တပ်မတော်က စီးပွားရေးနယ်ပယ်ထဲမှာ ဝင်ရောက် လုပ်ကိုင်နေတဲ့ လုပ်ငန်းတွေ အကြောင်းကို တင်ပြထားပါတယ်။

သောတရှင်မိတ်ဆွေများခင်ဗျား

မြန်မာ့တပ်မတော်က ဒီကနေ့ကာလစီးပွားရေးလုပ်ငန်းနယ်ပယ်ထဲမှာ အတော် နက်နက် ရှိုင်းရှိုင်း ပတ်သက်နေတာ လူအများ သိထားကြပါလိမ့်မယ်။ မြန်မာနိုင်ငံမှာ အဓိကကျတဲ့ စီးပွားရေးလုပ်ငန်းအတော်များများကို လက်ဝါးကြီးအုပ် ထားသလို၊ မြန်မာနိုင်ငံ စီးပွားရေးတခုလုံး ပျက်စီးစေရ လောက်အောင် ကင်ဆာလို ဖြစ်နေစေ တာလည်း တွေ့ရပါလိမ့် မယ်။ ဒါပေမယ့် မောင်အောင်မျိုးစာအုပ်ထဲမှာ ဖတ်ရတာကတော့ ပါလီမန်ဒီမိုကရေစီ အစိုးရလက်ထက် ၁၉၅၀ ခုနှစ်များ ကတည်းက စစ်တပ်က စီးပွားရေး ကဏ္ဍမှာ ပါဝင်ပတ်သက်နေခဲ့တယ်လို့ သိရပါတယ်။ (ဒီအက်စ်အိုင်) လို့ ခေါ်တဲ့ (Defense Services Institute) ကို ၁၉၅၀ ခုနှစ်များ အစောပိုင်းမှာ တည်ထောင်ခဲ့ပါတယ်။ ဈေးနှုန်းကြီးမြင့်တဲ့ လူသုံးကုန် တွေကို တပ်မတော် သားမိသားစုတွေကို ဖူလုံစေရေး အတွက် ထောက်ပံ့ပေးဖို့ ရည်ရွယ်ချက်နဲ့ တည်ထောင်ခဲ့တယ်လို့ ဆိုပါတယ်။ ဒီလုပ်ငန်းက နောက်ပိုင်းမှာ ကော်ပိုရေးရှင်းကြီးလို ချဲ့ထွင်လာပြီး၊ လုပ်ငန်းနယ်ပယ် အတော်များများမှာ ပါဝင်လာခဲ့တာ၊ ၁၉၅၀ ခုနှစ်များ နှောင်းပိုင်းမှာတော့ မြန်မာနိုင်ငံမှာ အကြီးဆုံး ကုမ္ပဏီတခု ဖြစ်လာပါ တော့ တယ်။ ၁၉၅၀ ခုနှစ်မှာ ပြဌာန်းတဲ့ အထူးကုမ္ပဏီဥပဒေအရ မျက်နှာသာပေးမှုတွေကြောင့်လည်း လုပ်ငန်းတွေ ဒီလောက် အောင်မြင်ခဲ့တာ ဖြစ်ပါတယ်။ ကုန်သွယ်ရေး၊ သင်္ဘောရေကြောင်း၊ လက္ကားလုပ်ငန်း၊ ပို့ကုန်သွင်းကုန် လုပ်ငန်းတွေသာမက ပုံနှိပ်ဖြန့်ချိရေး ကဏ္ဍတွေမှာ လုပ်ကိုင်ခဲ့ပါတယ်။ နောက်ပိုင်း ၁၉၆၀ ခုနှစ်များမှာတော့ ဒီအက်စ်အိုင်အောက်က လုပ်ငန်း အတော် များများကို စစ်တပ်ပိုင် (ဘီအီးဒီစီ) (BEDC) လို့ခေါ်တဲ့ မြန်မာ့ စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်း အောက်ကို ပြောင်းရွှေ့ထည့်သွင်းခဲ့ပါတယ်။ ဒီလုပ်ငန်း တွေက ရလာတဲ့ ဝင်ငွေတွေကို တပ်မတော်သား မိသားစုတွေရဲ့ သက်သာ ချောင်ချိရေးကိစ္စတွေ အတွက် သုံးစွဲခဲ့ရုံမက၊ စစ်တပ်ရဲ့ နိုင်ငံရေးရည်ရွယ်ချက်ကို ဝါဒ ဖြန့်ချိရေးကိစ္စ တွေမှာ လည်း အသုံးချခဲ့ကြပါတယ်။ ဥပမာဖော်ပြရရင် မြဝတီ၊ ငွေတာရီ မဂ္ဂဇင်းတွေ၊ ဂါဒီယန်း သတင်းစာ၊ ဂါဒီယန်းမဂ္ဂဇင်း စတာတွေလည်း ထုတ်ဝေလို့ စစ်တပ်က သူတို့နိုင်ငံရေးသြဇာလွှမ်းနိုင်ဖို့ လုပ် ဆောင်ခဲ့ကြပါတယ်။

၁၉၆၂ ခုနှစ်၊ စစ်တပ်က အာဏာသိမ်းပြီးနောက်ပိုင်း ပုဂ္ဂလိက ကုမ္ပဏီ၊ စီးပွားရေးလုပ်ငန်းတွေကို အာဏာ သိမ်း တဲ့အခါမှာ (ဘီအီးဒီစီ) အောက်က စီးပွားရေးလုပ်ငန်းတွေကိုပါ အာဏာသိမ်းခဲ့ပါတယ်။ ၁၉၆၃ ခုနှစ်၊ အောက်တိုဘာ လမှာ ပြည်သူပိုင် သိမ်းတဲ့အခါ ဘီအီးဒီစီနဲ့ ဒီအက်စ်အိုင် အောက်က လုပ်ငန်း (၄၇) ကို ပြည်သူ ပိုင် သိမ်းခဲ့တယ်လို့ ဆိုပါတယ်။ ဒီနောက်မှာတော့ ဆိုရှယ်လစ်စီးပွားရေးစနစ်နဲ့ သွားတဲ့အခါ နိုင်ငံတော်အစိုးရ မှာသာ စီးပွားရေးလုပ်ပိုင်ခွင့် ရှိပါတော့တယ်။ အဲဒီနောက်ပိုင်းနှစ်တွေမှာတော့ စစ်တပ်က စီးပွားရေးကဏ္ဍမှာ ဝင်ရောက် ဆောင်ရွက်ခွင့်ကို မရှိသလောက် ဆိုသလို နေထိုင်ခဲ့ရပါတယ်။ ဒါပေမယ့် ဒေသအလိုက် တပ်ရင်း ရန်ပုံငွေအတွက် အသေးစားလုပ်ငန်းတွေ၊ ဆိုင်တွေ၊ ဗီဒီယိုရုံတွေ ဖွင့်တာလောက်တော့ လုပ်ခွင့်ရခဲ့ပါတယ်။ ဒါပေမယ့် ၁၉၈၈ ခုနှစ်၊ စစ်တပ်က နိုင်ငံတော်အာဏာ အရပ်ရပ်ကို ချုပ်ကိုင်ပြီးခဲ့တဲ့ နောက်မှာတော့ စစ်တပ်ရဲ့ စီးပွားရေး အကျိုးစီးပွားအတွက် လုပ်ငန်းတွေကို အကျယ် အပြန့် ပြန်လည် ဆောင်ရွက်လာပါတော့တယ်။

၁၉၉၀ ခုနှစ် နောက်ပိုင်းမှာ မြန်မာဗိုလ်ချုပ်ကြီးတွေက တပ်မတော်ကို နည်းလမ်း (၄) သွယ်နဲ့ တည်ဆောက်မယ် ဆိုတာ အကြိမ်ကြိမ်ပြောခဲ့ကြပါတယ်။ လေ့ကျင့်မှု၊ အုပ်ချုပ်စီမံခန့်ခွဲရေး၊ သက်သာချောင်ချိရေးနဲ့ စိတ်ဓါတ် ရေးရာ တည်ဆောက်မှုတွေပဲ ဖြစ်ပါတယ်။ အခု စီးပွားရေးလုပ်ငန်းတွေက တပ်မတော်သားတွေရဲ့ သက်သာ ချောင်ချိရေး အတွက်လို့ အကြောင်းပြပါတယ်။ အဲဒီနောက်ပိုင်းမှာ တပ်ရင်းတွေအလိုက် ရန်ပုံငွေ အတွက် စီးပွားရေးလုပ်ငန်းတွေ ခွင့်ပြုခဲ့သလို၊ စစ်တပ်ပိုင် ကုမ္ပဏီတွေ၊ စစ်တပ်က ကျောထောက်နောက်ခံပေး ထားတဲ့ လုပ်ငန်းတွေ အပြိုင်းပြိုင်း ပေါ်ပေါက်လာပါတော့တယ်။

အကြီးဆုံးလုပ်ငန်းကတော့ ဦးပိုင်လို့ အများသိနေကြတဲ့ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်ပါ။ ၁၉၅၀ ခုနှစ်၊ အထူး ကုမ္ပဏီဥပဒေအရ သူက အပြည့်အဝပိုင်တဲ့ လုပ်ငန်းတွေအတွက်၊ လက်ခွဲလုပ်ငန်းတွေအတွက် အခွန် ကင်းလွတ် ခွင့် ရပါတယ်။ သူနဲ့ ပူးပေါင်းလုပ်သူတွေက အခွန်ပေးကြရပါတယ်။ အဲဒါအပြင် ၂၀၀၇ ခုနှစ်မှာ မတည်ရင်းနှီးငွေ ကျပ်သန်း ၄၀,၀၀၀ ကို ဥပဒေနဲ့ ခွင့်ပြုပေးခဲ့ပါတယ်။ ဒါ့အပြင် တပ်မတော် စစ်လက်နက် ပစ္စည်း စုဆောင်းရေး ညွှန်ကြားရေးမှူးရုံးက ကျပ်သန်း ၈၀၀ ကျော်နဲ့ သန်း ၃၀၀ ကို ရင်းနှီးငွေအဖြစ် ထည့်ဝင် ပေးခဲ့ပါတယ်။ အဲဒါ အပြင် လက်ရှိ စစ်ဝန်ထမ်းတွေ၊ စစ်ပြန်မှုထမ်းဟောင်းတွေရဲ့ ရင်းနှီးငွေအဖြစ်လည်း ငွေ အမြောက်အများ ထည့်ဝင်မြှုပ်နှံစေခဲ့ပါတယ်။ ဒီဦးပိုင် ကုမ္ပဏီကို ယခင်က စစ်ရေးချုပ်ရုံးအောက်မှာ ထားခဲ့ ပေမယ့်၊ အခုအခါ မှာတော့ ကာကွယ်ရေးစက်ပစ္စည်း စက်ရုံအောက်မှာ ထားခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်၊ အဆန်း ပိုင်းမှာတော့ ဦးပိုင် အောက်မှာ ကျောက်မြက်တူးဖော်ရေး၊ ကားလိုင်းတွေကနေ ဟော်တယ်လုပ်ငန်း၊ ဘီယာ စက်ရုံ၊ စီးကရက် စက်ရုံတွေ အထိ ကဏ္ဍပေါင်းစုံမှာ ကုမ္ပဏီ၊ လုပ်ငန်း ၇၇ ခု ရှိနေပြီ ဆိုပါတယ်။ အမြတ်အစွန်း အနေနဲ့လည်း ၁၉၉၀ ခုနှစ်ကနေ ၂၀၀၇ ခုနှစ်အကြားမှာ ကျပ်သန်း ၅၅,၀၀၀ ကျော် ရခဲ့တယ်လို့ မောင်အောင်မျိုးက ဖော်ပြခဲ့ပါတယ်။ အဲဒါအပြင် နိုင်ငံခြားနဲ့ ဖက်စပ်လုပ်ငန်းတွေမှာလည်း လက်ဝါးကြီးအုပ် လုပ်ခွင့်ရခဲ့ပါတယ်။

နောက်တခုကတော့ (အမ်အီးစီ) (MEC) လို့ခေါ်တဲ့ မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းပါ။ စစ်တပ်က တိုက်ရိုက် ဦးစီး လုပ်ကိုင်နေတဲ့ ကုမ္ပဏီဖြစ်ပြီး၊ လျှို့လျှို့ဝှက်ဝှက်လည်း နိုင်လှတဲ့ ကုမ္ပဏီပါ။ ၁၉၉၇ ခုနှစ်၊ မတ်လမှာ နိုင်ငံတော် ပိုင် စီးပွားရေးလုပ်ငန်းများအတွက် ဥပဒေကို ပြဌာန်းခဲ့ပြီး အဲသည်အရ ဖွဲ့စည်းခဲ့ပါတယ်။ အစိုးရ ကသာ သီးသန့် လုပ်ပိုင်ခွင့်ရှိတဲ့၊ လက်ဝါးကြီးအုပ် ထိန်းချုပ်ထားတဲ့ လုပ်ငန်းတွေကို ဒီကုမ္ပဏီက လုပ်ပိုင်ခွင့် ရပါတယ်။ တယ်လီဖုန်း၊ သစ်ထုတ်လုပ်ရေး၊ သတ္တုတူးဖော်ရေး လုပ်ငန်းတွေ လုပ်ကိုင်နေပါတယ်။ အမိန့်ကြေညာ ချက် အမှတ် ၄/၉၇ အရ ဖွဲ့ထားတဲ့ ဒီကုမ္ပဏီက တပ်မတော် အသုံးစရိတ်တွေ နိုင်ငံတော်က ကုန်ကျခံရတာ တဖက်တလမ်းက အထောက်အကူ ဖြစ်စေဖို့ ဖွဲ့ခဲ့တယ်လို့လည်း ဆိုပါတယ်။ သူ့ကိုတော့ စစ်ထောက်ချုပ်ရုံး အောက်မှာ ထားပါတယ်။ သူက တပ်မတော်ရဲ့ နည်းပညာနဲ့ စစ်ဖက်ထုတ်လုပ်ရေး

လုပ်ငန်းတွေအတွက် ရည်ရွယ်ထားတာလို့ ဆိုရင်လည်း ရနိုင်ပါတယ်။ အင်းဝဘဏ် လိုမျိုး ဘဏ္ဍာရေးကဏ္ဍမှာ လုပ်ဆောင်နေသလို တာဆန်းဆည် ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလိုမျိုး ကိစ္စမှာလည်း ပတ်သက်မှု ရှိနေပြန်ပါတယ်။

အဲဒါအပြင် စစ်တပ်က စီမံခန့်ခွဲနေတဲ့ အခြားစီးပွားရေးလုပ်ငန်းတွေလည်း ရှိနေပါသေးတယ်။ စစ်ထောက်လှမ်း ရေးတွေ တန်ခိုးထွားနေစဉ်ကာလမှာလည်း သူတို့က စီးပွားရေးမှာ နေရာအများအပြား၊ နောက်တော့ စစ်ပြန် မှုထမ်းဟောင်းလိုမျိုး အဖွဲ့တွေအတွက် စစ်တပ်က ကျောထောက်နောက်ခံပေးထားတဲ့ လုပ်ငန်း အများအပြား လည်း ရှိနေပါသေးတယ်။ တပ်ရင်း၊ တပ်ဖွဲ့တွေ အသီးသီးကိုလည်း စီးပွားရေးလုပ်ခွင့်တွေ ပေးထားပါသေး တယ်။

ဒီလို ကင်ဆာရောဂါလို၊ ရေဘဝဲ လက်ချောင်းတွေလို စီးပွားရေးတွေအောက်မှာ မြန်မာနိုင်ငံကတော့ အသက်ရှူ ကျပ်လို့ မလူးမလွန့်သာ အသက်ငင်နေရပါပြီ။ တပ်မတော်အင်အားရှိမှ တိုင်းပြည် အင်အားရှိလာမယ်လို့ စစ်တပ် က ပြောပါတယ်။ အခုတော့ တပ်မတော်အင်အားကြီးစေဖို့ အရင်းအမြစ်တွေအားလုံး စားသုံးနေလိုက် တာ၊ တပ်မတော်ကြီးထွားဖို့ တည်ဆောက်နေလိုက်တာ ဘယ်အခြေအနေ ဆိုက်နေပြီဆိုတာ ပြည်သူတွေက ကိုယ်တွေ့ ခံစားသိရှိနေရကြောင်း ပြောရင်း ဒီစာအုပ် သုံးသပ်ချက်ကို နိဂုံးချုပ်ပါရစေ။ နောက်တပတ်မှာတော့ စာအုပ်သစ် တအုပ်ကို ဆက်လက်တင်ပြ မိတ်ဆက်ဖို့ ရည်ရွယ်ထားကြောင်းပါခင်ဗျား။ အားလုံးငြိမ်းချမ်း ပျော်ရွှင် နိုင်ကြပါစေ။

(ယခု ဆောင်းပါးကို လွတ်လပ်သောအာရှအသံ မြန်မာပိုင်းအစီအစဉ် RFA မှ ထုတ်လွှင့်သွားခဲ့ပြီး ဖြစ်ပါသည်။ RFA ၏ မူပိုင်သာဖြစ်ပြီး ပြန်လည်ဖော်ပြခြင်း ဖြစ်သည်။)

Monday, July 6, 2009

ယောဟန်အောင် http://yaw-han-aung.blogspot.com/မှအခန်းဆက်ဖေါ်ပြသောဆောင်းပါးများအားစုစည်းကင်ဆက်ပါသည်။